BURMA NEWS INTERNATIONAL

နိုင်ငံတကာ မြန်မာသတင်းအဖွဲ့ (ဘီအဲန်အိုင်)
မြန်မာ့ငြိမ်းချမ်းရေးဖော်ဆောင်ရေးစောင့်ကြည့်ရေးအဖွဲ့



# စစ်အာဏာရှင်စနစ် အမွန်ရှည်ရေးအတွက် အသုံးချခံ ငြိမ်းချမ်းရေး

ဒီဇင်ဘာလ၊ ၂၀၂၂

# မာတိကာ


မြန်မာ့နိုင်ငံရေးသမိုင်းအကျဉ်း ........ ၂

စာတမ်းရည်ရွယ်ရာနှင့် နည်းနာ ........ ၉

နိဒါန်း ........ ၁၁

စစ်တပ်ဦးဆောင်သည့် ဆွေးနွေးပွဲများမှ ငြိမ်းချမ်းရေး ရနိုင်၊ မရနိုင် ........ ၁၆

စစ်အုပ်စုနှင့် ၎င်းတို့၏ နိုင်ငံရေးစိတ်ဆန္ဒ ........ ၂၃

ငြိမ်းချမ်းရေးအတွက် စစ်အုပ်စု၏ ချဉ်းကပ်နည်းများ ........ ၂၇

JMC – U အစည်းအဝေး လေ့လာမှုအတွေ့အကြုံ ........ ၃၁

စစ်အာဏာရှင်စနစ် အဓွန့်ရှည်ရေးအတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကို အသုံးချနေသလား ...... ၃၅

ငြိမ်းချမ်းရေးအတွက် စစ်အုပ်စုကို ဖယ်ထုတ်ထားနိုင်သလား ........ ၄၁

စစ်အာဏာသိမ်းကာလအတွင်းငြိမ်းချမ်းရေးဆွေးနွေးမှုများ အလုပ်ဖြစ်နိုင်သလား ........ ၄၄

ဘာကြောင့် စစ်အုပ်စုနှင့် တွေ့ဆုံဆွေးနွေးနေကြသနည်း ........ ၄၉

သုံးသပ်တင်ပြချက် ........ ၅၁

အကိုးအကားများ ........ ၅၅

## မြန်မာ့နိုင်ငံရေးသမိုင်းအကျဉ်း

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်၊ လွတ်လပ်ရေးရရှိချိန်မှစပြီး ၁၉၅၈ ခုနှစ်အထိသာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါလီမန်ဒီမိုကရေစီခေတ်ကို မြန်မာပြည်သူများ ထိတွေ့ခံစားခွင့်ရခဲ့သည်။ ၁၉၅၈ ခုနှစ် စက်တင်ဘာလ ၂၈ ရက်ကစပြီး ဗိုလ်ချုပ်နေဝင်း ဦးဆောင်သည့် အိမ်စောင့်အစိုးရကို အာဏာလွှဲအပ်ချိန်မှစပြီး မြန်မာ့နိုင်ငံရေးသမိုင်း တလျှောက်လုံး စစ်တပ်က ဦးဆောင်သွားခဲ့ပြီး ယနေ့အချိန်အခါတွင်တော့ စစ်တပ်၏ အခန်းကဏ္ဍကို ဖယ်ထုတ်ပြီး စဉ်းစားတွေးခေါ်နိုင်ရန်ပင် ခက်ခဲသွားခဲ့ပါသည်။

(၆)လအတွင်း ရွေးကောက်ပွဲကျင်းပပေးရမည်ဟု ကတိကဝတ်ပြုထားသည့် ဗိုလ်ချုပ်နေဝင်း၏ အိမ်စောင့်အစိုးရသည် ၁၉၆၀ ခုနှစ် ဧပြီလတွင်မှ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ကာ ရွေးကောက်ပွဲအနိုင်ရ ဦးနု၏ ပြည်ထောင်စုပါတီ(ပထစ)အား အာဏာလွှဲပြောင်းပေးခဲ့သည်။ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်တွင်တော့ ဗိုလ်ချုပ်နေဝင်း ဦးဆောင်သည့် စစ်တပ်ကပင် အာဏာသိမ်းယူခဲ့သည်။ ၁၉၆၂ ခုနှစ် ဧပြီလ ၃၀ ရက်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ကြေညာပြီး နိုင်ငံရေးပါတီအားလုံးကို ဖျက်သိမ်းကာ ၁၉၆၂ ခုနှစ် ဇူလိုင်လ ၄ ရက်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ(မဆလ)ကို တည်ထောင်ခဲ့သည်။

၁၉၇၄ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင်တော့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းကာ ဖွဲ့စည်းပုံအခြေခံ ဥပဒေအသစ်(၁၉၇၄)ကို လူထုဆန္ဒခံယူပွဲနှင့်အတူ အတည်ပြုခဲ့ပါသည်။ ၁၉၈၈ ခုနှစ် ဩဂုတ်လ ၈ ရက်တွင် စတင်ခဲ့သော ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးသည် မြို့ပြကျေးလက်၊ တောင်တန်းမြေပြန့်ဒေသအလိုက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပုံပေါ်လာခဲ့ရာ ဗိုလ်ချုပ်နေဝင်းဦးဆောင်သော မဆလအစိုးရနှင့် အပေါင်းအပါစစ်တပ်သည် ၎င်းတို့အား ဆန့်ကျင်သော ရဟန်းရှင်လူ ကျောင်းသားပြည်သူ

များအပေါ် အကြမ်းဖက် ဖြိုခွင်းခြင်း၊ ပစ်ခတ်ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းတို့ကြောင့် အရပ်သားပြည်သူ ရာနင့်ချီကာ သွေးမြေခဲ့ရပါသည်။ အကျိုးဆက်အဖြစ် မဆလခေတ် (ဝါ) တစ်ပါတီအာဏာရှင်ခေတ် နိဂုံးချုပ်ခဲ့ရသည်။

၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် ဗိုလ်ချုပ်စောမောင်ဦးဆောင်သည့် စစ်တပ်က တိုင်းပြည်အာဏာသိမ်းယူခဲ့ပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့(နဝတ)ကို ဖွဲ့စည်းပြီး ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အတူ ဆက်စပ်သော လွှတ်တော် ၊ တရားရေး၊ အုပ်ချုပ်ရေးအစ အဖွဲ့အစည်းများကို ဖျက်သိမ်းခဲ့သည်။ ၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက်တွင် အထွေထွေရွေးကောက်ပွဲကျင်းပပေးခဲ့ပြီး မဆလတစ်ဖြစ်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ(တစည)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)နှင့် အခြားသော နိုင်ငံရေးပါတီ ၉၀ ကျော်ကို ယှဉ်ပြိုင်စေခဲ့သည်။ NLD ပါတီမှ မဲအပြတ်အသက်အနိုင်ရရှိခဲ့သော်လည်း စစ်တပ်သည် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုဘဲ NLD ပါတီ ခေါင်းဆောင်နှင့် ပါတီဝင်များကို သတ်ဖြတ်ခြင်း၊ ဖမ်းဆီးထောင်ချ ခြင်း၊ သွေးခွဲသပ်လျှိုခြင်း စသော အကြမ်းဖက်လုပ်ရပ်များဖြင့်သာ ပါတီချေမှုန်းရေးအတွက် ကြိုးပမ်းခဲ့ပါသည်။

၁၉၉၂ ခုနှစ် မတ်လ ၂၇ ရက်တွင် ဗိုလ်ချုပ်စောမောင်ထံမှ ဗိုလ်ချုပ်သန်းရွှေက အာဏာလွှဲယူခဲ့ပြီး ၁၉၉၇ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် နဝတကို ဖျက်သိမ်းကာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(နအဖ) အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ၂၀၀၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်တွင် ဝန်ကြီးချုပ်ဖြစ်သူ ဗိုလ်ချုပ်ခင်ညွန့်က လမ်းပြမြေပုံ (၇)ရပ်ကို ကြေညာခဲ့သည်။ ရန်ကုန်မြို့လှည်းကူးမြို့နယ်အတွင်းရှိ အမျိုးသားညီလာခံ(ညောင်နှစ်ပင်)ကို အသက်သွင်းကာ ၂၀၀၈ ခုနှစ် မေလ ၂၉ ရက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ကို အတည်ပြုခဲ့ပြီး ၎င်း ဖွဲ့စည်းပုံအခြေခံဥပဒေအရဟုဆိုကာ အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း(ERO)များအား စစ်တပ်လက်

အောက်ခံ ပြည်သူ့စစ်အဖွဲ့ ဖြစ်စေ၊ နယ်ခြားစောင့်တပ်(BGF)ဖြစ်စေ ပြောင်းလဲဖွဲ့စည်းရန် ၂၀၀၉ ခုနှစ်တွင် နအဖက ဖိအားပေးခဲ့သည်။ တချို့သော ERO များသည် ပြည်သူ့စစ်အသွင်၊ BGF အသွင်ပြောင်းလဲခဲ့ကြသော်လည်း ကချင်လွတ်လပ်ရေး တပ်မတော်(KIA) ကဲ့သို့သော ERO တို့က စစ်တပ်၏ ဖိအား ပေးမှုကို ငြင်းဆန်ခဲ့သဖြင့် စစ်ရေးအရ တင်းမာမှုများ ရှိလာခဲ့သည်။

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၇ ရက်တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပပေးခဲ့ပြီး စစ်ဗိုလ်ချုပ်ဟောင်းလည်းဖြစ်၊ ဝန်ကြီးချုပ်ဟောင်းလည်းဖြစ်သူ ဦးသိန်းစိန်နှင့် စစ်ယူနီဖောင်းချွတ်များဦးဆောင်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) က အနိုင်ရရှိသည်။ ရွေးကောက်ပွဲအပြီး ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင်မှ NLD ပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်မှ လွှတ်ပေးခဲ့သည်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် နအဖက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို ခေါ်ယူခဲ့သည်။

၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်တွင် ဦးသိန်းစိန်ဦးဆောင်သည့် စစ်ယူနီဖောင်းချွတ်များ ဦးဆောင်သော အစိုးရအဖွဲ့ကိုဖွဲ့စည်းသည်။ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်တွင် အမိန့်အမှတ် ၁/၂၀၁၁ ထုတ်ပြန်ကာ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ခဲ့သည်။ ၂၀၁၂ ခုနှစ်ဧပြီလ ၁ ရက်တွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်၏ NLD ပါတီဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရာနှုန်းပြည့်နီးပါးအနိုင်ရရှိကာ လွှတ်တော်များအတွင်း NLD အမတ် ၄၀ ကျော် ရောက်ရှိသွားခဲ့သည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင်တော့ ERO (၈) ဖွဲ့နှင့် အစိုးရ၊ တပ်မတော်၊ လွှတ်တော်အကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကို လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၈ ရက်တွင်

ပြည်ထောင်စုလွှတ်တော်အတွင်း ၎င်းလက်မှတ်ရေးထိုးခြင်းအား ထပ်မံအတည်ပြုခဲ့သည်။ NCA အရ ဖြစ်ပေါ်လာသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ကျင်းပခဲ့သည်။ ၂၀၁၆ ခုနှစ် မတ်လ ၃၀ ရက်တွင်တော့ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော NLD ပါတီဦးဆောင်သည့် သမ္မတဦးထင်ကျော်၏ အစိုးရအဖွဲ့ကို အာဏာလွှဲအပ်ပေးခဲ့သည်။ သမ္မတဦးထင်ကျော် အစိုးရလက်ထက်၊ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၃၁ ရက်တွင် ဒုတိယအကြိမ်ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ၂၁ ရာစုပင်လုံအစည်းအဝေးအဖြစ် နာမည်ထပ်ပေါင်းကာ ကျင်းပခဲ့သည်။ ၎င်းပထမအကြိမ် ၂၁ ရာစုပင်လုံအစည်းအဝေးတွင် NCA လက်မှတ်မရေးထိုးရသေးသော ERO များမှ ခေါင်းဆောင်များလည်း တက်ရောက်ခဲ့ပြီး မိန့်ခွန်းများ ပြောကြားခဲ့သည်ကို ရုပ်မြင်သံကြားမှ တဆင့် ထုတ်လွှင့်ပြသခဲ့ပါသည်။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် မွန်ပြည်သစ်ပါတီ(NMSP) ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) တို့နှင့် အစိုးရ၊ တပ်မတော်၊ လွှတ်တော်အကြား NCA လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၈ ခုနှစ် မတ်လ ၂၁ ရက်တွင်တော့ နိုင်ငံတော်သမ္မတဦးထင်ကျော်တာဝန်မှအနားယူခဲ့ပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဖြစ်သူ ဦးဝင်းမြင့်က နိုင်ငံတော်သမ္မတဖြစ်လာသည်။ NLD ဦးဆောင်သော အစိုးရသက်တမ်း (၅) နှစ်အတွင်း ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစုပင်လုံအစည်းအဝေး (၄) ကြိမ်သာ ပြုလုပ်နိုင်ခဲ့ပြီး ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၃) ခုနှင့်အတူ သဘောတူညီမှု အချက်ပေါင်း ၇၁ ချက် ရရှိခဲ့ပါသည်။ အဆိုပါ ပြည်ထောင်စုသဘောတူစာချုပ်များအား ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုခဲ့ပါသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့၊ ဘူးသီးတောင်မြို့နယ်အတွင်းရှိ နယ်ခြားစောင့် ရဲ

ကင်းစခန်း(၄)ခုအား ရက္ခိုင့်တပ်တော်(AA)က ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ရခိုင်ပြည်နယ် တဝှမ်းလုံးနှင့် ချင်းပြည်နယ် ပလက်ဝဒေသများအတွင်း စစ်တပ်နှင့် AA အကြား တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့သည်။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပသော ရွေးကောက်ပွဲအလွန်တွင်မှသာ နှစ်ဖက်အကြား တိုက်ပွဲများ ရပ်ချည်းရပ်တန့်သွားခဲ့သည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင်တော့ NLD ပါတီကပင် သောင်ပြိုကမ်းပြိုအနိုင်ရရှိခဲ့ပြီး USDP ပါတီကမူ ၂၀၁၀ ၊ ၂၀၁၅ ခုနှစ်များအတွင်း ကျင်းပခဲ့သော ရွေးကောက်ပွဲများမှ မဲရလဒ်များထက်ပင် ရှုံးနိမ့်ခဲ့ပါသည်။ USDP နှင့် ၎င်း၏ မဟာမိတ်နိုင်ငံရေးပါတီများ စုပေါင်းကာ စစ်တပ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် သွားရောက်တွေ့ဆုံပြီး အကူအညီတောင်းခဲ့သဖြင့် စစ်ခေါင်းဆောင်က "ကျွန်တော် မလုပ်ရဲတာ ဘာမှမရှိဘူး" ဟု ကတိပြု ပြောဆိုခဲ့ပါသည်။


၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့၊ စတုတ္ထအကြိမ်မြောက် ပြည်သူ့လွှတ်တော် အစည်းအဝေးကျင်းပရန် နာရီပိုင်းအလို၊ နံနက်အရုဏ်ဦးအချိန်တွင် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အစိုးရအဖွဲ့ခေါင်းဆောင်များ၊ NLD ပါတီ ထိပ်ပိုင်းခေါင်းဆောင်များ၊ လူသိထင်ရှားနိုင်ငံရေးသမားများအား ဖမ်းဆီးကာ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့်စစ်တပ်က အာဏာသိမ်းရန် ကြိုးပမ်းခဲ့သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် အာဏာသိမ်းစစ်ကောင်စီ (၎င်းတို့အခေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ)ကို ဖွဲ့စည်းခဲ့သည်။ ၂၀၂၁ ခုနှစ် ဩဂုတ်လ ၁ ရက်တွင် စစ်ကောင်စီ၏ စီမံခန့်ခွဲမှုကော်မတီကို အိမ်စောင့်အစိုးရဟု အမည်ပြောင်းခဲ့သည်။

တစ်ဖက်တွင်တော့ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲအနိုင်ရကိုယ်စားလှယ် (၃၀၀)ကျော်သည် အွန်းလိုင်း(Zoom) မှ တဆင့်တွေ့ဆုံဆွေးနွေးကာ အဖွဲ့ဝင် ၁၅ ဦးပါဝင်သော ပြည်

ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ(CRPH) ကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် ဖွဲ့စည်းခဲ့သည်။ ယခုအခါ NLD ကိုယ်စားပြုအမတ်များအပြင် ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ (KySDP)၊ တအာင်း (ပလောင်) အမျိုးသားပါတီ(TNP)၊ ကချင်းပြည်နယ်ပြည်သူ့ပါတီ (KSPP) တို့မှ အနိုင်ရလွှတ်တော်ကိုယ်စားလှယ်အချို့ ထပ်ပေါင်းလာသဖြင့် အဖွဲ့ဝင် ၂၀ ဦးအထိ ရှိလာခဲ့ပြီ ဖြစ်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်မှ စတင်ကာ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စစ်အာဏာသိမ်းမှုဆန့်ကျင်ရေးဆန္ဒဖော်ထုတ်မှုများ စတင်လာခဲ့ရာ ယနေ့အချိန်အထိ ပုံသဏ္ဍာန်မျိုးစုံဖြင့် လက်နက်မဲ့ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်နေကြဆဲ ဖြစ်သည်။ နွေဦးတော်လှန်ရေးကာလတလျှောက် သံပုံတီးသပိတ်၊ အသံတိတ်သပိတ်၊ သန်းချီစုရုံး နှစ်ငါးလုံး (၂ ရက်၊ ၂ လ၊ ၂၀၂၂ ခုနှစ်) သပိတ်များသည် ထင်ရှားခဲ့သည်။

၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်တွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းကြောင်း CRPH က ကြေညာခဲ့ပြီး ဖက် ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို အတည်ပြုထုတ်ပြန်ခဲ့သည်။ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်အရ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) ပေါ်ထွက်လာပြီး NUCC မှ တင်သွင်းသည့် ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရ(NUG)ကို ၂၀၂၁ ခုနှစ် ဧပြီလ ၁၆ ရက်တွင် ဖွဲ့စည်းကြောင်းကြေညာခဲ့သည်။ တစ်ဖက်တွင်လည်း အာဏာသိမ်းစစ်ကောင်စီ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF/LDF)များ ထွက်ပေါ်လာခဲ့သည်။ ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၇ ရက်တွင်တော့ တစ်နိုင်ငံလုံး လှည်းနေလှေအောင်း မြင်းစောင်းမကျန် အာဏာသိမ်းစစ်ကောင်စီနှင့် အပေါင်းအပါများအား ခုခံတော်လှန်ကြရန် NUG ယာယီသမ္မတကြီးက ကြေညာခဲ့ပါသည်။



# မြန်မာ့နိုင်ငံရေးသမိုင်းအကျဉ်း အချိန်ပြဇယားဖစ်


## စာတမ်းရည်ရွယ်ရာနှင့် နည်းနာ

စစ်အာဏာရှင်စနစ် အစွန့်ရှည်ရေးအတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို စစ်အုပ်စုအနေဖြင့် အသုံးချနေသလား ဆိုသည့် မေးခွန်းအတွက် ယခုစာတမ်းသည် အနီးစပ်ဆုံး အဖြေထုတ်ရန် ကြိုးပမ်းထားခြင်းဖြစ်သည်။ ငြိမ်းချမ်းရေး ဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲများကို မည်သူက မည်သို့ ဦးဆောင်မှုပြုနေသလဲ၊ တွေ့ဆုံဆွေးနွေးမှုများ၏ အမြင့်ဆုံး ရည်မှန်းချက်များနှင့် ဦးဆောင်ပါဝင်ပတ်သက်သူများ၏ ငြိမ်းချမ်းရေးအတွက် စိတ်ဆန္ဒတို့ကို မေးခွန်းထုတ်ထား ပါသည်။ မိမိတို့အနေဖြင့် ယခုစာတမ်းအတွက် တပ်မတော်၊ တပ်မတော်အစိုးရ၊ တပ်ယူနီဖောင်းချွတ်အစိုးရ စသဖြင့် စစ်တပ်နှင့် ပက်သက်ဆက်နွယ်နေသော လူတန်းစား၊ အလွှာများ၊ အစုအဖွဲ့များကို "စစ်အုပ်စု" ဟု သုံးနှုန်းဖော်ပြသွားပါမည်။

လွတ်လပ်ရေးရပြီးခေတ်ကစတင်၍ အစိုးရအဆက်ဆက်တွင် စစ်အုပ်စုအနေဖြင့် ငြိမ်းချမ်းရေးဆိုသည့် အသုံးအနှုန်းကို အသုံးပြုကာ တွေ့ဆုံဆွေးနွေးမှုများ၊ နစ်ဖက်သဘောတူညီမှုများကို ရယူလေ့ရှိပါသည်။ သို့နှင့်တိုင် တိုက်ပွဲများနှင့်အတူ ပြည်တွင်းစစ်အဆုံးသတ်သွားသည်အထိ ပန်းတိုင်ပြုကာ ကြိုးပမ်းလုပ်ဆောင်ခြင်းမျိုးမရှိခဲ့ကြောင်း သတင်းအချက်အလက်နှင့် ဖြစ်စဉ်ဖြစ်ရပ်များက သက်သေပြနေပြီဖြစ်သည်။

ယခုစာတမ်းတွင် ဦးသိန်းစိန်အစိုးရလက်ထက်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဦးဆောင်သည့် အစိုးရလက်ထက်အတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တလျှောက် တွေ့ရှိချက်များ၊ ဖြစ်စဉ်ဖြစ်ရပ်များနှင့် ကိန်းဂဏန်းဆိုင်ရာအချက်အလက်များကို BNI-Myanmar Peace Monitor ၏ Dataset မှ ရယူတင်ပြသွားပါမည်။ တစ်ဖက်တွင်လည်း စာတမ်းအတွက် လိုအပ်သည့် တွေ့ဆုံမေးမြန်းမှုများကိုပြုလုပ်ခဲ့ပါသည်။ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့(ERO)များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် လေ့လာစောင့်ကြည့်သုံးသပ်သူများကို သီးခြားမေးခွန်းများပြင်ဆင်ကာ မေးမြန်းထားပါသည်။

အင်တာဗျူးတွင်ပါဝင်သော အစုအဖွဲ့မှ ပုဂ္ဂိုလ်များ




တွေ့ဆုံမေးမြန်းချက်မှ ရရှိထားသည့် တွေ့ရှိချက်များ၊ အမြင်သဘောထားများအပြင် ကိုယ်တိုင်လေ့လာခွင့်ရခဲ့သည့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) အစည်း အဝေးမြင်ကွင်းများ၊ မိမိတို့ Burma News International(BNI) အဖွဲ့ဝင် သတင်းဌာနများအပါအဝင် ပြည်တွင်း ပြည်ပသတင်းဌာနများတွင် ဖော်ပြထားသည့် သတင်းများ၊ အင်တာဗျူးများမှ လေ့လာတွေ့ရှိချက်များ၊ BNI-MPM မှ ထုတ်ဝေဖြန့်ချိပြီးဖြစ်သော နှစ်အလိုက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရည်ညွှန်းအကိုးအကားစာအုပ်များ၊ သုတေသနစာတမ်းများ၊ အပတ်စဉ်သတင်းသုံးသပ်ချက်စာစောင်များ စသည်တို့ကို အကိုးအကားပြုကာ ယခုစာတမ်းတွင် တင်ပြသွားမည်ဖြစ်ပါသည်။

## နိဒါန်း

၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရပြီးချိန်ကစပြီး ပါလီမန်ဒီမိုကရေစီခေတ်၊ အိမ်စောင့်အစိုးရခေတ်၊ စစ်အာဏာသိမ်းကာလ မဆလခေတ် (ဝါ) တစ်ပါတီအာဏာရှင်ခေတ်၊ စစ်အုပ်ချုပ်ရေးခေတ်၊ စစ်ယူနီဖောင်းချွတ်များ ဦးဆောင်သော ခေတ်နှင့် အရပ်သားသမ္မတဦးဆောင်သောခေတ် စသည့် အစိုးရအဆက်ဆက်၊ ခေတ်အဆက်ဆက်ကို လေ့လာကြည့်ပါက ၂၀၂၂ ခုနှစ်ကုန်အထိ နှစ်ပေါင်း ၇၄ နှစ်အတွင်း ၅၇ နှစ်အထိ တပ်မတော်အမည်ခံစစ်အုပ်စုမှ ပုံသဏ္ဍာန်၊ အမည်နာမမျိုးစုံ ပြောင်းလဲကာ မြန်မာနိုင်ငံကို အုပ်ချုပ်ခဲ့သည်ဟုဆိုရမည်။

၂၀၂၁ ခုနှစ် စစ်အာဏာမသိမ်းခင် အနီးဆုံး ၁၀ နှစ်အတွင်းတွင်ပင် စစ်အုပ်စုသည် အထွေထွေအုပ်ချုပ်ရေးကဏ္ဍအပါအဝင် ပြည်ထဲရေး၊ နယ်စပ်ရေးရာနှင့် ကာကွယ်ရေးကဏ္ဍတို့ကို ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ထိန်းချုပ်ထားပါသည်။ ပြည်သူလူထုရွေးချယ်တင်မြှောက်ထားသော ရွေးကောက်ခံများစုဝေးရာ လွှတ်တော် (၃) ရပ်စလုံးတွင်လည်း စစ်အုပ်စုခေါင်းဆောင်မှ ရွေးချယ်ထားသည့် ကိုယ်စားလှယ် (၂၅) ရာခိုင်နှုန်းအထိဝင်ရောက်နေရာ ယူထားပြန်သည်။ ဆိုရသော် ၁၉၅၈ ခုနှစ်၊ အိမ်စောင့်အစိုးရအဖြစ် တိုင်းပြည်အာဏာအရပ်ရပ်ကို မြည်းစမ်းခွင့် ရရှိခဲ့ရာကစပြီး ယနေ့အချိန်အထိ တိုင်းပြည်၏အာဏာအရပ်ရပ်ကို ချုပ်ကိုင်ရန် ကြိုးပမ်းခဲ့ပါသည်။

လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာခဲ့သည့် ပြည်တွင်းစစ်မီးသည် ယနေ့အချိန်အထိလောင်မြိုက်နေဆဲ ဖြစ်သည်။ အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်နေဝင်း ဦးဆောင်သည့် မဆလခေတ်တွင်လည်းကောင်း၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်သည့် နဝတ ၊

နအဖ ခေတ်တွင်လည်းကောင်း တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (ERO) များနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ရှိခဲ့ပြီး နှစ်ဖက်အပစ်အခတ်ရပ်စဲရေးအထိသာ အမြင့်ဆုံး သဘောတူညီမှုအချို့ ရရှိခဲ့ပါသည်။ သို့သော် နှစ်ဖက်အကြား "စစ်" ထပ်မဖြစ်စေရေးအတွက် အာမခံချက်မရှိခဲ့သဖြင့် ပြည်တွင်းစစ်သည် အမြစ်တွယ်ကာ ယနေ့အထိ သက်ဆိုးရှည်ခဲ့ရသည်။


ဖော်ပြပါမြေပုံ (၃)ခုကို လေ့လာကြည့်ပါက ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ အသက်မဝင်သေးခင်ကာလအတွင်း မြန်မာနိုင်ငံအတွင်းရှိ စစ်ရေးပဋိပက္ခဧရိယာ၊ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖြစ်ပေါ်လာသော အစိုးရနှစ်ဆက်(၁၀)နှစ်တာကာလအတွင်း စစ်ရေးပဋိပက္ခဧရိယာနှင့် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းကာလအတွင်း စစ်ရေးပဋိပက္ခဧရိယာတို့ကို မြင်တွေ့ရပါလိမ့်မည်။ နှစ်ပေါင်း ၇၀ ကျော်ကြာ အမြစ်တွယ်လာနေသည့် ပြည်တွင်းစစ်သည် အရှိန်အဟုန်ဖြင့် ပိုမိုကျယ်ပြန့်မည့် အလားလာများကို ရှုမြင်နေရပါသည်။

လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလောင်မြိုက်လာခဲ့သည့် ပြည်တွင်းစစ် (ဝါ) စစ်ရေးပဋိပက္ခများနှင့်ပတ်သက်ပြီး စစ်အုပ်စု၏ ချဉ်းကပ်ဖြေရှင်းရာတွင် ပြည်တွင်းစစ် (ဝါ) စစ်ရေးပဋိပက္ခများချုပ်ငြိမ်းရေးအထိ စိတ်ရင်းစေတနာအမှန်ဖြင့် လုပ်ဆောင်ခဲ့ပုံမပေါ်ဘဲ အဆိုပါ ပြည်တွင်းစစ်ကို အကြောင်းပြုကာ ၎င်းတို့၏ စစ်အသုံးစရိတ်မြှင့်တင်နိုင်ရေး၊ ၎င်းတို့၏ အကျိုးစီးပွားများ ပိုမိုခိုင်မာရေးနှင့် ၎င်းတို့ရရှိထားသော အာဏာအရပ်ရပ်ကို ဆက်လက်ချုပ်ကိုင်နိုင်ရေးအတွက်သာ အသုံးချချဉ်းကပ်ခဲ့လေသလားဟု မေးခွန်းထုတ်မိပါသည်။


၂၀၁၀ ပြည့်နှစ်မတိုင်မီကာလကို ပြသထားသည့် မြေပုံအရမူ ERO အချို့နှင့် အပစ်အခတ်ရပ်စဲထားပြီး အခြားသော ERO များနှင့် စစ်ပွဲများ ဖြစ်ပွားနေသည်ကို တွေ့ရပါသည်။[1]

[1] BNI-MPM Dataset, Monthly Dashboard on Peace and Conflict, https://bit.ly/3VTJNwK


## ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံ အခြေခံဥပဒေ အသက်မဝင်သေးခင် ကာလအတွင်း မြန်မာနိုင်ငံအတွင်းရှိ စစ်ရေးပဋိပက္ခဒေသ





## ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖြစ်ပေါ်လာသော အစိုးရ နှစ်ဆက် (၁၀) နှစ်တာ ကာလအတွင်း စစ်ရေးပဋိပက္ခဒေသ




## ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းကာလအတွင်း စစ်ရေးပဋိပက္ခဒေသ



၂၀၁၀ ပြည့်နှစ်အလွန်ကာလ၊ အထူးသဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ကာလများသည် ရွေးကောက်ခံအစိုးရနှင့် ရွေးကောက်ခံမဟုတ်သော စစ်အုပ်စုများ ပေါင်းစပ်အုပ်ချုပ်ခဲ့သည်ဟု ဆိုရမည်ဖြစ်ပြီး စစ်ပွဲများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အပြိုင်လွန်းထိုးဖြစ်ပေါ်ခဲ့ပါသည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကဲ့သို့ ကြီးမားသည့် ငြိမ်းချမ်းရေးအရ အကျိုးဖြစ်ထွန်းမှုမျိုး ပေါ်ပေါက်လာခဲ့သည့်တိုင် နှစ်နှင့်ချီသည့်အထိ အပြင်းထန်ဆုံးဖြစ်ပွားခဲ့သည့် ရခိုင်ပြည်နယ်တဝှမ်းလုံးနှင့် ချင်းပြည်နယ်ပလက်ဝဒေသများအတွင်း စစ်ရေးပဋိပက္ခများသည် သိန်းနှင့်ချီသော အရပ်သားပြည်သူများကို စစ်ဘေးဒုက္ခသည်အဖြစ်သို့ တွန်းပို့ခဲ့ပါသည်။




၂၀၁၃ ခုနှစ်ကတည်းက လေ့လာစောင့်ကြည့်ခဲ့သော BNI – Myanmar Peace Monitor ၏ မှတ်တမ်းအရ ၂၀၂၁ ခုနှစ် စစ်အာဏာမသိမ်းခင်အချိန်အထိ တိုက်ပွဲဖြစ်ပွားသည့်ရက်နှင့် တွေ့ဆုံဆွေးနွေးသည့်ရက်အကြား ဆက်စပ်မှုအခြေအနေကို ချဉ်းကပ်လေ့လာကြည့်ရာတွင် တွေ့ဆုံဆွေးနွေးမှုတစ်ရက်ဖြစ်တိုင်း တိုက်ပွဲဖြစ်ပွားမှု နှစ်ရက်တိုးလာသည်ကိုတွေ့ရပါသည်။ ဆိုရသော် ရွေးကောက်ခံအစိုးရဦးဆောင်သော ငြိမ်းချမ်းရေးအရ တွေ့ဆုံဆွေးနွေးမှုတစ်ရက်တိုင်းတွင် စစ်အုပ်စုနှင့် ERO များအကြား တိုက်ပွဲဖြစ်ပွားမှု နှစ်ရက် ပိုမိုဖြစ်ပွားသည်ဟု အဓိပ္ပါယ်ရပါသည်။ စစ်အုပ်စုသည် ၎င်းတို့ကိုယ်တိုင် စိတ်တိုင်းကျရေးဆွဲထားသည့် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကိုကိုင်စွဲကာ အစိုးရအဖွဲ့အတွင်းရှိ

အရေးပါသည့် ဝန်ကြီးဌာန (၃)ခုနှင့် လွှတ်တော်(၃)ရပ်အတွင်း အမတ်နေရာ (၂၅) ရာခိုင်နှုန်း ရယူထားသည့်တိုင် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်လည်း တိုက်ပွဲများနှင့် တွေ့ဆုံဆွေးနွေးမှု များအကြား ၎င်းတို့စိတ်တိုင်းကျ ချဉ်းကပ်အသုံးချခဲ့သည်ကို တွေ့ရပါသည်။

စစ်အာဏာမသိမ်းခင် နောက်ဆုံးပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ်မြောက် ၂၁ ရာစုပင်လုံအစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ် အောင်ဆန်းစုကြည်က ၂၀၂၀ ပြည့်နှစ်အလွန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးတည်ရာကို ယခုလိုပြောဆိုခဲ့ပါသည်။

"၂၀၂၀ အလွန် ရှေ့ဆက်မယ့်ငြိမ်းချမ်းရေးပထမလုပ်ငန်းစဉ်ကတော့ အမျိုးသားရင်ကြားစေ့ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှစ်ရပ်ကို ဒွန်တွဲဖော်ဆောင်ခြင်းပဲ ဖြစ်ပါတယ်။ ဒုတိယလုပ်ငန်းစဉ်ကတော့ ဒီမိုကရေစီအသွင် ကူးပြောင်းရေးနဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ် နှစ်ရပ်ကို ပူးတွဲဖော်ဆောင်ခြင်းပဲဖြစ်ပါတယ်။ တတိယလုပ်ငန်းစဉ်ကတော့ ပထမလုပ်ငန်းစဉ်နဲ့ ဒုတိယလုပ်ငန်းစဉ်တွေကနေ ထွက်ပေါ်လာတဲ့ သဘောတူညီချက်တွေကို အခြေခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ကြရမှာဖြစ်ပါတယ်"။[2]

အထက်ပါပြောစကားကောက်နုတ်ချက်တွင် "ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းစဉ်" သည် စစ်အုပ်စုအတွက် အထိတ်တလန့်ဖြစ်စေသော စကားစုတစ်ရပ် ဖြစ်နေနိုင်ပြီး ၎င်းတို့ကိုယ်တိုင် စိတ်တိုင်းကျရေးဆွဲထားသော ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီအသွင်ကူး ပြောင်းရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုသည့် လုပ်ငန်းစဉ်များမှ ရရှိလာမည့် သဘောတူညီချက်များဖြင့် ပြင်ဆင်မည့် အရပ်သားအစိုးရ၏ အစီအစဉ်သည် စစ်အုပ်စုအတွက် ကြိုတင်တွက်ဆနိုင်ရန် ခက်ခဲပေလိမ့်မည်။ ၂၀၁၁ ခုနှစ်ကစပြီး ဖောက်လုပ်ခဲ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ၎င်းတို့၏ အာဏာဝေစုများနှင့် အကျိုးစီးပွားများအပေါ် သက်ရောက်လာမည့်အရေးသည် စစ်အုပ်စုအတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်လာခဲ့ပါသည်။

ထို့ကြောင့်သာ ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲ ရလဒ်များကို အသိအမှတ်မပြုနိုင်ဘဲ "မဲစာရင်း မှားယွင်းမှု"၊ "မဲ မသမာမှု" ရှိနိုင်သည်ဟု ယိုးစွပ်ကာ ၁၉၆၂ စစ်အာဏာသိမ်းမှုကဲ့သို့ စစ်အာဏာသိမ်းရန် ကြိုးပမ်းလာခြင်းဖြစ်သည်။ သို့သော် စစ်အုပ်စုသည် ၁၉၅၈ ခုနှစ်က ဝန်ကြီးချုပ်ဦးနုမှ ဗိုလ်ချုပ်နေဝင်းထံ အာဏာလွှဲအပ်သကဲ့သို့ ပုံမှားရိုက်ခဲ့သေးသည်။ သို့သော် မည်သည့်စစ်အာဏာသိမ်းမှုဖြစ်စဉ်နှင့်မျှ မတူညီသည်ကမူ စစ်အုပ်စုသည် ၎င်းတို့ကိုယ်တိုင် ရေးဆွဲထားသည့် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်ပြီး လိုသလို

[2] ၂၁ ရာစု ပင်လုံလားရာ ၊ https://mmpeacemonitor.org/314596/၂၁-ရာစု-ပင်လုံလားရာ/

အဓိပ္ပါယ်ကောက်ယူကာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် စစ်အာဏာသိမ်းခဲ့ခြင်း ဖြစ်သည်။

စစ်အာဏာသိမ်းမှုနှင့်အတူ နောက်ဆက်တွဲအကျိုးသက်ရောက်မှုအဖြစ် လူထုအုံကြွမှုများသည် စစ်အာဏာသိမ်း ရန်ကြိုးပမ်းနေသည့် ၂၂ လအတွင်း ဆက်လက်ဖြစ်ပေါ်နေသကဲ့သို့ အာဏာသိမ်းစစ်အုပ်စုအား ခုခံတော်လှန်စစ်ဆင် နွှဲနေကြသော မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF-LDF) များသည် ရာနှင့်ချီသည်အထိ ထွက်ပေါ်လာခဲ့သည်။ အထက်တွင်ဖော်ပြထားသော စစ်ပွဲဇရိယာအခြေပြမြေပုံကို လေ့လာကြည့်ပါက စစ်အာဏာသိမ်းကာလအတွင်း ပြည်တွင်းစစ် (ဝါ) စစ်ရေးပဋိပက္ခသည် ပိုမိုကျယ်ပြန့်လာသကဲ့သို့ အရှိန်အဟုန် ပြင်းထန်လာသည်ကို တွေ့ရပါလိမ့်မည်။

စစ်အုပ်စုသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဖျက်ဆီးနိုင်သကဲ့သို့ အပစ်အခတ်ရပ်စဲသဘောတူညီမှုများကို အဟန့်အတားမရှိ ချိုးဖောက်နိုင်စွမ်းရှိနေပါသည်။ အလားတူ ၎င်းတို့၏ အာဏာနှင့် အကျိုးစီးပွားကို ထိခိုက်လာနိုင်ပါက စစ်အာဏာသိမ်းမှုကို အကြိမ်ကြိမ်ပြုလုပ်နိုင်စွမ်းလည်း ရှိနေပါသည်။ ထာဝရငြိမ်းချမ်းရေး၊ တွေ့ဆုံဆွေးနွေးရေး၊ ဒီမိုကရေစီအရေး၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ ရွေးကောက်ပွဲ စသော စကားရပ်များသည် စစ်အုပ်စုအတွက် အကြပ်အတည်းတစ်ခုမှ ထွက်ပေါက်ရှာချိန်တွင်သာ ဆန္ဒမပါသော ဟန်ပြအသုံးအနှုန်းများ ဖြစ်ပါသည်။


ထို့ကြောင့် စစ်အုပ်စု ဦးဆောင်သော ငြိမ်းချမ်းရေးဆွေးနွေးပွဲများသည် စစ်အာဏာရှင်စနစ် အမွေနှစ်ရှည် တည်တံ့စေရေးအတွက် အသုံးချခံသက်သက် ဖြစ်နေသလားဟု မေးခွန်းထုတ်မိခြင်း ဖြစ်သည်။

## စစ်တပ်ဦးဆောင်သည့် ဆွေးနွေးပွဲများမှ ငြိမ်းချမ်းရေး ရနိုင်၊ မရနိုင်

ဆယ်စုနှစ်ပေါင်း (၇)ခုကျော်အထိ ပြည်တွင်းစစ်ပွဲများ ဖြစ်တည်လောင်မြိုက်နေခြင်းကြောင့်သာ စစ်အုပ်စုသည် ၎င်းတို့၏ အရေးပါမှုကို ပြသခွင့်ရနေသည်ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSD F) မှ ဗဟိုဦးဆောင်ကော်မတီဝင် ရဲဘော်မိဆူးပွင့်က ယုံကြည်နေပါသည်။ တန်းတူအခွင့်အရေးရရှိရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံချက်ရှိသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက်

တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (ERO)များ၏ တော်လှန်တိုက်ပွဲဝင်မှုများကို အကြမ်းဖက်လှုပ်ရှားမှုကြီးအဖြစ် စစ်အုပ်စုက ပုံဖော်ခဲ့သည်။ နှစ်ဖက် အပစ်အခတ်ရပ်စဲရေး ပြုလုပ်ခြင်း၊ စီးပွားရေးအရ လုပ်ပိုင်ခွင့်များပေးအပ်ခြင်းတို့ထက် ပိုမိုလုပ်ဆောင်နိုင်ခြင်းမရှိသည့် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများသည် နိုင်ငံရေးဆွေးနွေးပွဲ၊ ငြိမ်းချမ်းရေး ဆွေးနွေးပွဲဟုပင် နာမည်မတပ်နိုင်ကြောင်း ရဲဘော်မိဆူးပွင့်က ဆိုပါသည်။[3]

"စစ်တပ်ဦးဆောင်တဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေက မြန်မာပြည်ငြိမ်းချမ်းရေးကို အမှန်တကယ် ရရှိနိုင်ပါသလား" အတွက် အဖြေများ




BNI-Myanmar Peace Monitor မှ ပြင်ဆင်ထားသော ယခုစာတမ်းအတွက် ပထမဆုံးမေးခွန်းဖြစ်သည့် "စစ်တပ်ဦးဆောင်တဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေက မြန်မာပြည်ငြိမ်းချမ်းရေးကို အမှန်တကယ်ရရှိနိုင်ပါသလား" မေးခွန်းကို "မရရှိနိုင်" ဟု ဖြေဆိုသူ ၈ ဦးရှိခဲ့ပြီး အဖြေမပေးလိုသူ ၃ ဦးရှိခဲ့ပါသည်။ "ရနိုင်သည်"ဟု ဖြေဆိုသူ တစ်ဦးမျှမရှိခဲ့ပါ။ မေးခွန်းအတွက် တိုက်ရိုက်ဖြေဆိုခဲ့ခြင်း မဟုတ်သော ပအိုဝ်းတိုင်းရင်းခေါင်းဆောင်လည်းဖြစ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) ဦးဆောင်မှုကော်မတီအဖွဲ့ဝင် ဗိုလ်မှူးကြီး ခွန်ဥက္ကာသည်ပင် ရနိုင်သည်ဟု ယတိပြတ်မဆိုနိုင်ခဲ့ပေ။ သူက စစ်တပ်စစ်စစ်နှင့် စစ်ယူနီဖောင်းချွတ် စစ်အုပ်စုတို့အကြား ယခုလို နှိုင်းယှဉ်သုံးသပ်ပြပါသည်။

---

[3] Interviews (9) ၊ ABSDF ဗဟိုကော်မတီဝင် ရဲဘော်မိဆူးပွင့်နှင့် စာတမ်းအတွက် အမေးအဖြေ၊ BNI-MPM

"စစ်တပ်အစစ်ကတော့ နိုင်ငံရေးဆွေးနွေးပွဲ လုပ်ခွင့်မပေးဘူး၊ လုပ်လည်း မကြိုက်ဘူး။ သို့သော် အသွင်ပြောင်းလာတဲ့ ဦးသိန်းစိန်ခေတ်မှာ စစ်တပ်ကလူတွေပါပဲ။ ဒါပေမယ့် အငြိမ်းစားဆိုတဲ့ နာမည်အောက်မှာ ဆွေးနွေးပွဲတွေက တစ်စုံတစ်ရာအောင်မြင်တယ်လို့ ပြောနိုင်ပါတယ်"။ [4]

ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ကိုယ်တိုင်ပါဝင်ခဲ့သည့် အတွေ့အကြုံရှိသူ အမျိုးသမီးအဖွဲ့ချုပ် (မြန်မာနိုင်ငံ) (WLB) အတွင်းရေးမှူး နော်ဆဲဆဲကတော့ ငြိမ်းချမ်းရေးဆွေးနွေးပွဲဖြစ်စေ၊ နိုင်ငံရေးဆွေးနွေးပွဲဖြစ်စေ စစ်အုပ်စုကို ဦးဆောင်ခွင့်၊ စစ်အုပ်စုပါဝင်ခွင့်ကိုပင် မပေးသင့်၊ မရှိသင့်တော့ကြောင်း ပြောပါသည်။ စစ်အုပ်စုသည် သဘောတူညီချက်များ၊ ကတိကဝတ်များ ပေးခဲ့သည့်တိုင် ၎င်းတို့ကိုယ်တိုင် ပြန်လည်ချိုးဖောက်ခဲ့သည်ဟု သူမက ဆိုပါသည်။

"စစ်တပ်ဆိုတာက အရပ်သားအစိုးရအောက်မှာပဲ ကာကွယ်ရေးလုံခြုံရေးအတွက် ကာကွယ်ပေးရမယ့် တာဝန်ပဲရှိ တယ်။ နိုင်ငံရေးမှာ လုံးဝပါဝင်ခွင့်မရှိရဘူး။ ဦးဆောင်မှုနေရာမှာလည်း မရှိသင့်ဘူး။ ကျမတို့နိုင်ငံမှာက အဲ့ဒီဦးဆောင်မှုနေရာကို ပေးကတည်းက ကိုမှားတယ်။ ဘယ်လိုပဲငြိမ်းချမ်းရေးခေါ်ခေါ် ငြိမ်းချမ်းရေး တည်ဆောက်တယ်ပြောပြော သူတို့က သူတို့အာဏာတည်မြဲရေးအတွက်ကိုပဲ အမြဲတမ်း အပေးအယူနဲ့ မျှားခေါ်မယ်။ ပြီးရင် တိုက်မယ်။ (သူတို့)အားနည်းသွားရင် ပြန်ခေါ်မယ်"ဟု နော်ဆဲဆဲက ပြောပါသည်။[5]

ကရင်အမျိုးသားအစည်းအရုံး(KNU)သည် ဦးသိန်းစိန်အစိုးရလက်ထက် NCA လက်မှတ်ရေးထိုးခဲ့သည့် ERO (၈)ဖွဲ့ တွင် အင်အားအတောင့်တင်းဆုံး ဖြစ်သည်။ ၁၉၄၈ ခုနှစ်ကတည်းက စတင်ဖွဲ့စည်းခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းဖြစ်သည့်အတွက် မြန်မာ့နိုင်ငံရေးဖြစ်စဉ်၊ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း စစ်အုပ်စု၏ ပြုမူလုပ်ဆောင်များ၊ ချဉ်းကပ်များကိုအပေါ် အတွေ့အကြုံများစွာရှိနှင့်နေပြီဖြစ်သည်။ စစ်အုပ်စု၏ သဘောတူညီချက်များအပေါ် ချိုးဖောက်မှုများ၊ ကတိကဝတ်များကို မလိုက်နာသည့် လုပ်ရပ်ပေါင်းများစွာရှိနေသည် ဟု KNU ပြောခွင့်ရသူ ပဒိုစောတောနီးက ပြောပြပါသည်။ စစ်အုပ်စုသည် ကတိမတည်သည့်အပြင် KNU နယ်မြေအတွင်းစစ်တပ်များစေလွှတ်ကာ တိုက်ပွဲမဖြစ် ဖြစ်အောင်ဖန်တီးနေသည့် လက္ခဏာများ ရှိခဲ့သည်သည်ဟုဆိုပါသည်။

"ကိုယ်ကျင့်သိက္ခာလည်း မရှိ၊ ကတိလည်း မတည်တော့ ငြိမ်းချမ်းရေးဖြစ်စဉ်က တကယ်ကို ကိုးရိုးကားယား ဖြစ်စေတယ်။ အာဏာသိမ်းမယ့်အခြေအနေထိ လုပ်နေတာ၊

[4] Interviews (3) ၊ ဗိုလ်မှူးကြီးခွန်ဥက္ကာနှင့် စာတမ်းအတွက် အမေးအဖြေ၊ BNI-MPM

[5] Interviews (5) ၊ အမျိုးသမီးအဖွဲ့ချုပ်(မြန်မာနိုင်ငံ) အတွင်းရေးမှူး နော်ဆဲဆဲနှင့် စာတမ်းအတွက် အမေးအဖြေ ၊ BNI-MPM

အဲ့ဒါ ကျနော်တို့လည်း တားသေးတယ်။ တားလို့မှ မရတာ။ သူတို့ ဖွတ်လုပ်တာပဲ။ အာဏာသိမ်းပြီးတဲ့နောက်မှာ ကျနော်တို့ ငြိမ်းချမ်းရေးဖြစ်စဉ်က သူတို့က ဆက်လုပ်လို့ ရသေးတယ်ဆိုပြီး လျှောက်ပြီးလုပ်နေတာ။ ကျနော်တို့ ဘယ်လိုမှ လက်ခံလို့မရဘူး။ စစ်တပ်က တကယ့်အရေးပါတဲ့ကိစ္စတစ်ခုကို တချိန်တုန်းကတော့ ကျနော်တို့လက်ခံတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အားလုံးပြေလည်အောင်ဆိုပြီးတော့ ကျနော်တို့ ကြိုးစားတယ်။ ဒါပေမဲ့ လုံးဝအဆင်မပြေဘူးလို့ သိလာတဲ့အခါမှာ စစ်တပ်ပါတဲ့ ငြိမ်းချမ်းရေးကို ကျနော်တို့ ဘယ်လိုမှ လက်ခံလို့ မရဘူးဆိုတာတော့ ရှင်းသွားတယ်”။[6]

တိုင်းရင်းသားအရေး လေ့လာသုံးသပ်သူ ဒေါက်တာပညာမွန်ကလည်း ယခင်စစ်အုပ်စုရော လက်ရှိစစ်အာဏာသိမ်း စစ်ကောင်စီရော ဦးဆောင်ပြုလုပ်နေသည့် တွေ့ဆုံဆွေးနွေးရေးဖြစ်စဉ်များသည် ငြိမ်းချမ်းရေးလမ်းကြောင်းဆီ ဦးတည်မနေသည့်အတွက် အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးအထိ မရောက်ရှိနိုင်ကြောင်း သုံးသပ်သည်။ အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ စကားကို ထောက်ပြကာ “၂၀၀၈ ဖွဲ့စည်းပုံကလည်း အကုန်လုံးက သူတို့မပြင်ဘူး။ ကျွန်တော်ထင်တာက သင့်တော်သလောက်ပဲ သူတို့ ပြင်မယ်”ဟု ဒေါက်တာ ပညာမွန်က ရှုမြင်ပါသည်။

ယခုအခါ နှစ်ပေါင်း (၇၀)ကျော် အမြစ်တွယ်တောက်လောင်နေသည့် ပြည်တွင်းစစ် အရှိန်သည် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုကို အကြောင်းပြုပြီး မူလ ERO များအပြင် CRPH၊ NUG ၊ PDF – LDF နှင့် နွေဦးတော်လှန်ရေးအင်အားစု အသစ်များ၊ ဇာတ်ကောင်အသစ်များပေါ်ထွက်လာသည့်အတွက် မြန်မာ့နိုင်ငံရေးပြဿနာ၊ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်ကို အဖြေရှာချဉ်းကပ်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများ အားလုံးပါဝင်နိုင်ရေးသည်အလွန်အရေးကြီးသည်ဟု ဆိုပါသည်။ ဒေါက်တာပညာမွန်က ယခုလိုလည်း ပြောပါသည်။

“မြန်မာနိုင်ငံရဲ့ လက်နက်ကိုင်ပဋိပက္ခမှာ သူတို့က Actor အသစ် ဖြစ်လာတယ်။ ဖြစ်လာတဲ့အခါကျတော့ နိုင်ငံရေး ပြဿနာရော၊ စစ်ရေးပြဿနာရော သူတို့လည်း အရေးကြီးတယ်။ Actor အသစ်တွေကို နိုင်ငံရေးဆွေးနွေးပွဲလုပ်တဲ့အခါမှာ ဥပေက္ခာပြုလို့ မရဘူး၊ ပါဝင်ဖို့လိုတယ်။ မြန်မာနိုင်ငံရဲ့ပြဿနာကို ဖြေရှင်းဖို့အတွက် ငြိမ်းချမ်းဖို့အတွက် အားလုံးပါဝင်ဖို့လိုတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေရော၊ SAC ရော ဘက်စုံပေါ့နော်၊ စဉ်းစားဖို့လိုတယ်။ အကယ်၍ အဲဒီလိုမသွားဘူးဆိုရင်တော့ ကျွန်တော်တို့နိုင်ငံက လွယ်လွယ်လေးနဲ့ ငြိမ်းချမ်းဖို့ကတော့ မဖြစ်လာနိုင်ဘူး”။[7]

[6] Interviews (6) ကရင်အမျိုးသားအစည်းအရုံး ပြောခွင့်ရသူ ပဒိုစောတော်နီးနှင့် စာတမ်းအတွက် အမေးအဖြေ ၊ BNI - MPM

[7] Interviews (1) တိုင်းရင်းသားအရေး လေ့လာသုံးသပ်သူ ဒေါက်တာပညာမွန်နှင့် စာတမ်းအတွက် အမေးအဖြေ ၊ BNI - MPM

၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်၊ အာဏာသိမ်းစစ်ခေါင်းဆောင်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုကို ကချင်လွတ်လပ်ရေးတပ်မ တော် (KIO/KIA)နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP/KA)တို့သည် မေ လ ၅ ရက်တွင်လည်းကောင်း၊ ချင်းအမျိုးသားတပ်ဦး (CNF)သည် မေလ ၆ ရက်တွင်လည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) သည် မေလ ၈ ရက်တွင်ကောင်း၊ ကရင်အမျိုးသား အစည်းအရုံး (KNU/KNLA) သည် မေလ ၉ ရက်တွင်လည်းကောင်း အသီးသီးသဘောထား ထုတ်ပြန်ကာ အကြောင်းပြချက် ကိုယ်စီနှင့် စစ်ခေါင်းဆောင်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုကို ငြင်းပယ်ခဲ့ကြပါသည်။ မြောက်ပိုင်းညီနောင်သုံးဖွဲ့ဖြစ်သည့် ကိုးကန့်တပ်ဖွဲ့ (MNDAA) ၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်ဦး (TN-LA)၊ ရက္ခိုင့်တပ်တော် (ULA/AA)တို့သည်လည်း တစ်ဖွဲ့ ချင်းစီ တက်ရောက်မည်မဟုတ်ဘဲ ပြည်ထောင်စု နိုင်ငံရေးဆွေးနွေးညှိနှိုင်းရေး ကော်မတီ (FPNCC) ဆုံးဖြတ်ချက်ဖြင့်သာ သွားမည်ဟု သတင်းမီဒီယာမှတဆင့် တုန့်ပြန်ခဲ့သည်။[8]

"ငြိမ်းချမ်းရေးလို့ မယူဆတဲ့အတွက်ကြောင့် ကျွန်တော်တို့ KIO အနေနဲ့ အဲဒီ ဆွေးနွေးပွဲ မတက်ဘူး" ဟု ကချင်လွတ်လပ်ရေးတပ်မတော်(KIO/KIA) ပြောခွင့်ရသူ ဗိုလ်မှူးကြီး နော်ဘူက ပြောပါသည်။ [9]


နွေဦးတော်လှန်ရေး၏ ဦးဆောင်အင်အားစုတစ်ခုဖြစ်သော NUCC အစုအဖွဲ့ဝင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (DPNS) တွဲဖက်အတွင်းရေးမှူး ဒေါ်နင်းနင်းမွေးကတော့ စစ်အုပ်စုသည် တကယ်တမ်းသာ ငြိမ်းချမ်းရေးအစစ်အမှန်ကိုလိုချင်ခဲ့ပါက မြန်မာနိုင်ငံအတွင်း ပြည်တွင်းစစ်သည် ယခုကဲ့သို့ ရှည်ကြာနေမည်မဟုတ်ကြောင်း ရှုမြင်ထားပါသည်။ ထို့အပြင် လက်နက်အားကိုးဖြင့် အကြမ်းဖက်လုပ်ရပ်များ ပြုမှုကာ စစ်အာဏာသိမ်းနိုင်ရေး အတွက် ကြိုးပမ်းနေမည်မဟုတ်ကြောင်း သူမက ယူဆထားပါသည်။ စစ်အာဏာသိမ်းကာလအတွင်း ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုသည်လည်း နိုင်ငံတကာအမြင်ကောင်းစေရန်နှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရင်ဆိုင်ကြုံတွေ့နေရသော ခုခံတော်လှန်စစ်မျက်နှာများအား လျော့ချလို၍သာဖြစ်နိုင်ကြောင်း ဒေါ်နင်းနင်းမွေးက ဆိုပါသည်။

---

[8] ငြိမ်းချမ်းရေးတံဆိပ်ကပ် သပ်လျိုသွေးခွဲရေးဗျူဟာ အလုပ်ဖြစ်နိုင်သလား၊ အပတ်စဉ်သတင်းသုံးသပ်ချက်၊ အမှတ်စဉ်-၅၃ ၊ မေလ၊ ၂၀၂၂၊ BNI – MPM၊ https://bit.ly/3UD5mk4

[9] Interviews (7) ကချင်လွတ်လပ်ရေးတပ်မတော် ပြောခွင့်ရသူ ဗိုလ်မှူးကြီးနော်ဘူနှင့် စာတမ်းအတွက် အမေးအဖြေ၊ BNI - MPM

"အဲဒီနှစ်ချက်ကြောင့် သူတို့ ငြိမ်းချမ်းရေးဆွဲနွေးပွဲတွေကို ခေါ်နေတာ။ အဓိကကတော့ အတုအယောင်ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေဖြစ်တယ်လို့ ကျမက မြင်ပါတယ်ရှင့်။ တကယ်တော့ သူတို့ခေါ်တဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေက တကယ်တမ်းငြိမ်းချမ်းရေးကို ရလာနိုင်မယ်လို့ မျှော်လင့်စရာအကြောင်း မရှိပါဘူးရှင့်"။ [10]




ဖော်ပြပါ Graphic Chart တွင် ပါဝင်သော တိုက်ပွဲဖြစ်ပွားမှုနှင့် တွေ့ဆုံဆွေးနွေးမှုဆိုင်ရာ ကိန်းဂဏန်းများသည် BNI-Myanmar Peace Monitor ၏ မူရင်းဒေတာများနှင့် လစဉ်ထုတ်ဖြန့်ပြီးဖြစ်သော ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဆိုင်ရာ သင်ပုန်းများမှ ရယူထားခြင်းဖြစ်သည်။ [11]

[10] Interviews (8) လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ တွဲဖက်အတွင်းရေးမှူး ဒေါ်နှင်းနှင်းမွှေးနှင့် စာတမ်းအတွက် အမေးအဖြေ ၊ BNI - MPM

[11] BNI-MPM Dataset, Monthly Dashboard on Peace and Conflict, https://bit.ly/3VTJNwK

တိုက်ပွဲဖြစ်ပွားသည့် ရက်အများဆုံး ရှိခဲ့သည့် ခုနစ်များကို လေ့လာကြည့်ပါက ၂၀၁၂ ခုနှစ် စစ်အာဏာမသိမ်းခင်ကာလအတွင်း ၂၀၁၅ ခုနှစ်သည် တိုက်ပွဲဖြစ်ပွားသည့်ရက်ပေါင်းနှင့် တွေ့ဆုံဆွေးနွေးမှုဆိုင်ရာ ကိန်းဂဏန်းများ သိသာစွာ ကွာဟနေသည်ကို တွေ့နိုင်ပါသည်။ ထိုကာလသည် NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးသိန်းစိန် အစိုးရနှင့် စစ်အုပ်စု(စစ်တပ်)အကြား လွန်ဆွဲနေသည့်အချိန်ဖြစ်ပြီး ERO များ၏ အားလုံးပါဝင်လက်မှတ်ထိုးနိုင်ရေးမှုကို သပ်လျိုသွေးခွဲရေးနည်းဗျူဟာ အသုံးပြုနေသည့်အချိန် ဖြစ်ပါသည်။ အဆုံးသတ်တွင် ERO များ၏ တပ်ဦးစုဖွဲ့မှုဟု ဆိုနိုင်သော ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) အတွင်း  NCA လက်မှတ်ရေးထိုးမည့် EROs နှင့် အားလုံးပါဝင်ရေးမှုကို ဆွဲကိုင်ရပ်တည်ကာ လက်မှတ်မထိုးသည့် EROs ဟူ၍ ကွဲအက်သွားခဲ့ရသည်။ ငြိမ်းချမ်းရေးအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်နေသည့်အချိန်တွင် စစ်ပွဲများကို ပြန်လည်ဦးတည်သွားခဲ့ပြီး ပြည်တွင်းစစ်အရှိန် မြင့်တက်စေခဲ့သည်။

ဒုတိယမြောက် စစ်ပွဲအရှိန်အမြင့်ဆုံးကာလဖြစ်သည့် ၂၀၁၉ ခုနှစ်တွင်တော့ စစ်အုပ်စု(စစ်တပ်)သည် NLD ဦး ဆောင်သော အစိုးရအဖွဲ့နှင့် နိုင်ငံရေးအရ လွန်းထိုးအားပြိုင်မှုများရှိခဲ့သလို ရခိုင်ပြည်နယ် တဝှမ်းလုံးနှင့် ချင်းပြည်နယ် ပလက်ဝဒေသများအတွင်း ရက္ခိုင့်တပ်တော်(AA)နှင့် စစ်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ထိုအချိန် NLD ဦး ဆောင်သည့် အစိုးရအနေဖြင့်လည်း စစ်အုပ်စု(စစ်တပ်)ထံမှ တစ်ဖက်သတ်သတင်းပေးပို့ချက်များကိုသာ လက်ခံရရှိခဲ့သဖြင့် ရက္ခိုင့်တပ်တော်(AA)ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာသည်အထိ ဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။ ထို့ကြောင့် NLD အစိုးရအဖွဲ့အပေါ် ERO များ၏ ယုံကြည်ကိုးစားမှုလည်း လျော့ကျစေခဲ့ပါသည်။ စစ်အုပ်စုသည် စစ်ရေးနှင့် နိုင်ငံရေးအားပြိုင်မှုများကို ချိန်သားကိုက် လုပ်ဆောင်ခဲ့သည်ကို တွေ့ရသည်။

NLD အဖွဲ့ဝင် ကိုနေဘုန်းလတ်ကတော့ စစ်အုပ်စုဦးဆောင်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများသည် အမှန်တကယ် ငြိမ်းချမ်းရေးရရှိနိုင်ခြင်း၊ မနိုင်ခြင်းထက် စစ်အုပ်စုထံတွင် ငြိမ်းချမ်းလိုသည့် စိတ်ဆန္ဒမျိုး ရှိပါ့မလားဟု သံသယရှိ နေပါသည်။ ဗိုလ်ချုပ်နေဝင်းဦးဆောင်သည့် အချိန်ကစပြီး စစ်အုပ်စုသည် ဗိုလ်ချုပ်အောင်ဆန်းတည်ထောင်ခဲ့သော တပ်မတော်ဆိုသည်နှင့် လုံးဝဆန့်ကျင်စွာ ကွဲပြားခြားနားနေသည်ဟု ကိုနေဘုန်းလတ်က ရှုမြင်ပါသည်။

"နွေဦးတော်လှန်ရေးမှာလည်းပဲ သူကိုယ်တိုင် သက်သေပြနေတယ်။ မြန်မာစစ်တပ်ဟာ ဘယ်လောက်ယုတ်မာ ရိုင်းစိုင်းတယ်၊ လူစိတ်တောင်မရှိတော့ဘဲနဲ့ စစ်မိစ္ဆာတွေလိုဖြစ်နေတယ်ဆိုတာကို၊ အစွန်းရောက်ပြီးတော့ လက်မရွံ့ လူသတ်သမားတွေလို မြန်မာပြည်သူလူထုအတွက် မကဘူး၊ လူသားမျိုးနွယ်အတွက်ပါ တဖြည်းဖြည်း ကြီးထွားလာတယ်ဆိုတာကို သူတို့ကိုယ်တိုင် သက်သေပြနေတယ်"။ [12]

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်(SNLD) အထွေအထွေအတွင်းရေးမှူး စိုင်းလိတ်ကလည်း တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့် ပတ်သက်ပြီး စစ်အုပ်စုဘက်တွင် ရိုးသားမှန်ကန်သည့် သဘောဆန္ဒများရှိမနေသည့်အတွက် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ဖို့ဆိုသည်က ဖြစ်နိုင်ဖွယ်မရှိဟု ရှုမြင်ထားပါသည်။ စစ်အုပ်စုဘက်မှ မကြာခဏ ပြောဆိုသုံးနှုန်းလေ့ရှိသော "ငြိမ်းချမ်းရေးနှစ်"ဆိုသည်ကိုလည်း ယခုလိုထောက် ပြထားပါသည်။ "စစ်တပ်ဘက်က ငြိမ်းချမ်းရေးနှစ်လို့သာ ပြောထားတာ။ သူ့ကိုတော်လှန်ခုခံနေတဲ့ အဖွဲ့အစည်းတွေနဲ့ ပတ်သက်လို့လည်း သူ့မှာ ငြိမ်းချမ်းလိုတဲ့ ဆန္ဒတွေမပြဘူး"။ [13]

## စစ်အုပ်စုနှင့် ၎င်းတို့၏ နိုင်ငံရေးစိတ်ဆန္ဒ

လူထုကို ရန်သူကဲ့သို့ သဘောထား၊ ဖမ်းဆီးနှိပ်စက်ခြင်း၊ တရားဥပဒေမဲ့ပြုကျင့်ခြင်း၊ နိုင်ငံရေးအကျဉ်းသားများအပေါ် သေဒဏ်ချမှတ်ခြင်း စသည့်လုပ်ရပ်များကို မလျှော့ဘဲ၊ ပြန်လည်တောင်းပန်ခြင်းမျိုးမပြုဘဲ ဘက်နှစ်ဖက်ကျေး အေးဖို့ဆိုသည်က ဘယ်လိုမှ မဖြစ်နိုင်ဟု SNLD အထွေထွေအတွင်းရေးမှူးက ယုံကြည်ထားပါသည်။

"အရင်က ကျင့်သုံးလာတဲ့ ဗိုလ်ကျစိုးမိုးရေး အနိုင်ယူရေးဆိုတဲ့ပုံစံမျိုးနဲ့ပဲ ချဉ်းကပ်နေတယ်၊ အမိန့်တွေ ပေးနေမယ်၊ ခြိမ်းခြောက်နေမယ်ဆိုရင်လည်းပဲ ဒါက ရေရှည်အလုပ်မဖြစ်ဘူးဆိုတာကို အခုလက်တွေ့ မြင်နေရပါပြီ" ။ [14]


---

[12] Interview (11) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် ကိုနေဘုန်းလတ်နှင့် စာတမ်းအတွက် အမေးအဖြေ ၊ BNI - MPM

[13] ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး စိုင်းလိတ်နှင့် အမေးအဖြေ၊ CNI ၊ https://bit.ly/3g6w0DU

[14] ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး စိုင်းလိတ်နှင့် အမေးအဖြေ၊ CNI ၊ https://bit.ly/3g6w0DU

"စစ်အုပ်စုဆီမှာ ငြိမ်းချမ်းရေးအတွက် အမှန်တကယ် နိုင်ငံရေးစိတ်ဆန္ဒကို မြင်တွေ့ရပါသလား" အတွက် အဖြေများ




"စစ်အုပ်စုဆီမှာ ငြိမ်းချမ်းရေးအတွက် အမှန်တကယ်နိုင်ငံရေးစိတ်ဆန္ဒကို မြင်တွေ့ရပါသလား" ဆိုသည့် မေးခွန်းသည် ယခုသုတေသနစာတမ်းအတွက် မေးခွန်းများအနက် တစ်ခုဖြစ်သည်။ စုစုပေါင်း (၁၁) ဦးကို မေးမြန်းခဲ့ရာ (၈) ဦး၏ အဖြေသည် စစ်အုပ်စုထံတွင် ငြိမ်းချမ်းရေးအတွက် အမှန်တကယ်နိုင်ငံရေးစိတ်ဆန္ဒ မမြင်တွေ့ရဟု ဆိုပါသည်။ (၃) ဦးကမူ မေးခွန်းအတွက် ဖြေဆိုလိုခြင်း မရှိကြပါ။

အထက်ပါမေးခွန်းအတွက် တိုက်ရိုက်ဖြေဆိုခြင်းမဟုတ်ဘဲ ၎င်းကြုံတွေ့ခဲ့ရသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း စစ်အုပ်စု၏ အခြေအနေများ၊ သဘောထားရပ်တည်ချက်များအပေါ် ဗိုလ်မှူးကြီးခွန်ဥက္ကာက ယခုလိုခွဲခြားပြောဆိုပါသည်။

"သွေးသစ်လောင်းထားတဲ့ ဗိုလ်ချုပ်အငယ်တွေ တက်လာတဲ့အခါကျတော့ ဆွေးနွေးပွဲတွေက တစ်ဖက်သတ်ဖြစ်လာပြီးတော့ ငြိမ်းချမ်းရေးကို နိုင်ငံရေးရလဒ်ကို လိုချင်တဲ့ပုံစံကိုပဲ ဖိအားပေးတာရှိလာတယ်။ ဒီတန်းတူရည်တူ သဘောထားပြီးတော့ အပြန်အလှန် သူလည်း ၅၀ ရာခိုင်နှုန်း ကိုယ်လည်း ၅၀ ရာခိုင်နှုန်း အပေးအယူလုပ်တဲ့ဟာက တော်တော်အားနည်းသွားတယ်။ ဒါ ဒီနှစ်နှစ် သုံးနှစ်မှာ အဲဒီအားနည်းသွားတဲ့ အပေးအယူလုပ်တာ အားနည်းပြီးတော့ တစ်ဖက်သတ် ဆွေးနွေးတဲ့အကျင့်တွေက ဆွေးနွေးပွဲတွေကို တိုးတက်မှု အားနည်းစေတာပေါ့ဗျာ။ တိုးတက်မှု မရသလောက်ဖြစ်တာပေါ့"။ [15]

[15] Interviews (3) ၊ ဗိုလ်မှူးကြီးခွန်ဥက္ကာနှင့် စာတမ်းအတွက် အမေးအဖြေ၊ BNI-MPM

ဦးသိန်းစိန်အစိုးရခေတ်တုန်းက ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၊ နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်ခဲ့သော စစ်ဗိုလ်ဟောင်းများ၊ ဗိုလ်ချုပ်ဟောင်းများသည် ငြိမ်းချမ်းရေး လိုချင်သည့်စိတ်၊ နိုင်ငံရေးအရ ပြေလည်လိုသည့် စိတ်ဓာတ်များ တဖြည်းဖြည်းချင်း ရှိလာသည်ဟု ဗိုလ်မှူးကြီးခွန်ဥက္ကာက ခန့်မှန်းယုံကြည်ထားပါသည်။

ကရင်အမျိုးသားအစည်းအရုံး (KNU) ပြောရေးဆိုခွင့်ရှိသူ ပဒိုစောတော်နီးကတော့ စစ်အုပ်စုသည် တိုင်းပြည်ကို အမှန်တကယ်ကောင်းစေချင်သည့် စိတ်ဆန္ဒ၊ အမှန်တကယ်ငြိမ်းချမ်းစေချင်သည့် စိတ်ဆန္ဒရှိပါက လက်တွေ့ပြနိုင်မှသာ မြင်နိုင်မည်ဟု ဝေဖန်ပါသည်။

" တစ်ဖက်မှာ ငြိမ်းချမ်းရေးခေါ်တယ်ဆိုပေမယ့် တစ်ဖက်မှာက သူတို့က စစ်ဆင်ရေးအကြီးကြီးတွေ လုပ်တယ်။ နယ်မြေထဲကို တပ်တွေကို အဆမတန်ပို့တယ်။ ပို့တဲ့အတွက် တိုက်ပွဲက ဖြစ်တဲ့နောက် ဘယ်လိုလုပ် မျက်နှာက ထိုင်ကြည့်လို့ရမလဲ" ဟု သူက ထောက်ပြပါသည်။ [16]

သူ့အတွေ့အကြုံနှင့် လေ့လာတွေ့ရှိချက်အရ စစ်အုပ်စုသည် ၎င်းတို့အား ဆန့်ကျင်သော အင်အားစုများ၊ အဖွဲ့အစည်းများကို အင်အားဆုတ်ယုတ် ပြိုကွဲစေရေးအတွက် သပ်လျှိုသွေးခွဲခြင်း၊ အကျိုးစီးပွားမက်လုံးပေးခြင်းများကို ပြုလုပ်ကာ တစ်ဖက်အင်အားစုများအပေါ် အနိုင်ယူလိုချင်သည့် စိတ်သဘောထားများကို ပြသနေပြီး ငြိမ်းချမ်းရေး၊ အပစ်အခတ်ရပ်စဲရေး ရယူချင်နေသည်ကပင် "တချိန်လုံး ဗိုလ်ကျတာ" ကြောင့်ဟု ပဒိုစောတော်နီးက ရှုမြင်ပါသည်။ ယခုစစ်အာဏာသိမ်းရန် ကြိုးပမ်းနေသည့် ကာလအတွင်းတွင်လည်း ကမ္ဘာ့နိုင်ငံများ၏ ဖိအားပေးမှု၊ တရားဝင်အစိုးရဖြစ်ရေး အလားလာမရှိမှု၊ စီးပွားရေးအရ ပိတ်ဆို့ခံရမှု၊ နိုင်ငံရေးအရ မျက်နှာသာမရမှုတို့ကြောင့်သာ ထွက်ပေါက်ရှာပြီး ငြိမ်းချမ်းရေးရေးအတွက် ဆွေးနွေးရန် ဖိတ်ခေါ်နေခြင်းဖြစ်ကြောင်း ပဒိုစောတော်နီးက ရှုမြင်သုံးသပ်ပါသည်။

"သူက အကြပ်အတည်း အားလုံးကနေ ထွက်ပေါက်ရရေးနဲ့ အသိအမှတ်ပြုရေးဆိုတဲ့ မျှော်လင့်ချက်တစ်ခုတည်းနဲ့ လုပ်နေတာ၊ ဒါက စိတ်ဆန္ဒတစ်ခုတည်းနဲ့ ငြိမ်းချမ်းရေးရဖို့ လုပ်နေတာ မဟုတ်ဘူး။ နောက်ဆုံး ထွက်ပေါက်ရဖို့ အတွက်ပဲ လုပ်တဲ့အတွက် ဒါက စိတ်ထားဘယ်လိုမှ မမှန်ဘူးဆိုတာ ပြနေတာ"။ [17]

ကချင်လွတ်လပ်ရေးအဖွဲ့ (KIO)ပြောခွင့်ရသူ ဗိုလ်မှူးကြီးနော်ဘူကလည်း ပဒိုစောတော်နီး၏ ရှုမြင်ပုံနှင့် ဆင်တူပါသည်။ စစ်အုပ်စုထံတွင် အမှန်တကယ်ငြိမ်းချမ်းရေး လိုချင်

---

[16] Interviews (6) ကရင်အမျိုးသားအစည်းအရုံး ပြောခွင့်ရသူ ပဒိုစောတော်နီးနှင့် စာတမ်းအတွက် အမေးအဖြေ ၊ BNI - MPM

[17] Interviews (6) ကရင်အမျိုးသားအစည်းအရုံး ပြောခွင့်ရသူ ပဒိုစောတော်နီးနှင့် စာတမ်းအတွက် အမေးအဖြေ ၊ BNI - MPM

သည့်စိတ်ဆန္ဒမျိုး မရှိဟု ဆိုပါသည်။ မြန်မာတစ်နိုင်ငံ အတိုင်းအတာဖြင့် နွေဦးတော်လှန်ရေးအရှိန်အဟုန်မြင့်တက်နေချိန်တွင် အကြပ်အတည်း ရင်ဆိုင်နေရသည့် အတွက်ကြောင့်သာ ငြိမ်းချမ်းရေးဆွေးနွေးပွဲဟု ခေါ်ဆိုပြီး ERO များကို စည်းရုံးနေခြင်း ဖြစ်သည်ဟု ဗိုလ်မှူးကြီး နော်ဘူက ဆိုပါသည်။ "သူခေါ်တဲ့ပုံစံကို ပြန်ကြည့်ရင် NUG, CRPH တို့လို တခြားနိုင်ငံရေးအဖွဲ့အစည်းတွေကို မခေါ်ဘူး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကိုပဲခေါ်တာကို ကြည့်ခြင်းအားဖြင့် စစ်မှန်တဲ့ နိုင်ငံရေးဆွေးနွေးတဲ့အဆင့်ထိတော့ ဖြစ်လာမယ်မထင်ဘူး"။ [18]

လက်ရှိစစ်အာဏာသိမ်းကာလအတွင်းတွင်တော့ စစ်အုပ်စုထံတွင် ငြိမ်းချမ်းရေးကို ဖော်ပြနိုင်ဖို့ထက် တိုင်းရင်းသား ပြည်သူလူထုအပေါ် ကျင့်သုံးပြုမူနေသည့် အကြမ်းဖက်လုပ်ရပ်များက ပိုမိုပြင်းထန်လာသည်ကို မြင်တွေ့နေရကြောင်း နိုင်ငံရေးလေ့လာသုံးသပ်သူ ဦးသန်းစိုးနိုင်က သုံးသပ်ပါသည်။

"ဒါကြောင့် စစ်ကောင်စီအဖွဲ့ကို ငြိမ်းချမ်းရေးလုပ်နေတဲ့ အင်အားစုအဖြစ် မြင်စရာ၊ ပြစရာ တချက်မှ မရှိပါဘူး"ဟု သူက ဆန်းစစ်ဝေဖန်ပါသည်။ [19]

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ(DPNS)မှ ဒေါ်နှင်းနှင်းမွှေးကလည်း စစ်အုပ်စု၏ နိုင်ငံရေးစိတ်ဆန္ဒ၊ ငြိမ်းချမ်းရေး အတွက် စိတ်ရင်းအမှန်ကို ယခုလိုပဲ ရှုမြင်ထားပါသည်။

"သူတို့ရဲ့ နိုင်ငံရေးစိတ်ဆန္ဒဆိုတာကတော့ တိုင်းပြည်ကိုကောင်းဖို့အတွက် မဟုတ်ဘူး။ သူတို့စစ်အုပ်စု သက်တမ်း အဓွန့်ရှည်ဖို့ အတွက်၊ အာဏာအဓွန့်ရှည်ဖို့အတွက် အဲလိုပဲ ကျမက မြင်ပါတယ်"။ [20]

၂၀၁၈ ခုနှစ်အတွင်း အစိုးရ၊ စစ်တပ်တို့နှင့် NCA လက်မှတ်ရေးထိုးခဲ့သူ မွန်ပြည်သစ်ပါတီ(NMSP) ဥက္ကဋ္ဌ နိုင်ဟံသာကတော့ ငြိမ်းချမ်းရေးဖြစ်စဉ်တစ်လျှောက်လုံး တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအတွက် အကြီးများဆုံးသော အခက်အခဲနှင့် စိန်ခေါ်မှုသည် စစ်အုပ်စုက ကိုင်စွဲထားသည့် ငြိမ်းချမ်းရေးမူ (၆) ချက် ဖြစ်သည်ဟု ဆိုပါသည်။ စစ်အုပ်စု၏ ငြိမ်းချမ်းရေးမူ (၆)ချက်တွင် "(၁) ငြိမ်းချမ်းရေးရယူရန် ဆန္ဒအမှန် ရှိရမည်။ (၂) သဘောတူစာချုပ်ကတိကဝတ်များကို မဖောက်ဖျက်ရ။၊ (၃) ငြိမ်းချမ်းရေး သဘောတူညီချက်အပေါ် အမြတ်မထုတ်ရန်။ (၄) ဒေသခံတွေအပေါ် ဝန်ထုပ်ဝန်ပိုး

---

[18] Interviews (7) ကချင်လွတ်လပ်ရေးတပ်မတော် ပြောခွင့်ရသူ ဗိုလ်မှူးကြီးနော်ဘူနှင့် စာတမ်းအတွက် အမေးအဖြေ၊ BNI - MPM

[19] Interviews (10) နိုင်ငံရေးလေ့လာသုံးသပ်သူ ဆရာသန်းစိုးနိုင်နှင့် စာတမ်းအတွက် အမေးအဖြေ ၊ BNI - MPM

[20] Interviews (8) လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ တွဲဖက်အတွင်းရေးမှူး ဒေါ်နှင်းနှင်းမွှေးနှင့် စာတမ်းအတွက် အမေးအဖြေ ၊ BNI - MPM

မဖြစ်စေရန်။ (၅) တည်ဆဲဥပဒေများကို လေးစားလိုက်နာရန်။ (၆) ဒီ့တာဝန်အရေးသုံးပါး နှင့် ဒီမိုကရေစီအနှစ်သာရကို လက်ခံပြီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ဒီမိုကရေစီ လျှောက်လှမ်းနေမှုမှာ လိုက်ပါလုပ်ဆောင်ရန်” ဟူ၍ ပါဝင်သည်။

“တပ်မတော်ရပ်တည်ချက်က အပြောင်းအလဲမရှိဘူး၊ တပ်မတော်အနေနဲ့ ဒီ ၆ ချက် ကိုပဲ ဆက်ပြီးတင်းခံနေမယ်ဆိုရင် တစ်ဆို့မှုတွေ ဆက်ပြီးရှိနေဦးမှာပါ” ဟု နိုင်ဟံသာက ဆိုပါသည်။ [21] တိုင်းပြည်အတွင်း တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့များ ရှိနေသရွေ့ စစ် တပ်အနေဖြင့် နိုင်ငံရေးမှ ထွက်မည်မဟုတ်သလို နိုင်ငံရေးတွင် စစ်တပ်ရှိနေသရွေ့လည်း စစ်မှန်သော ဒီမိုကရေစီ ဖြစ်မလာနိုင်ကြောင်း မွန်ညီညွတ်ရေးပါတီ MUP ဗဟိုအလုပ်အမှု ဆောင် နိုင်တလညီက သုံးသပ်ထားပါသည်။ [22]

## ငြိမ်းချမ်းရေးအတွက် စစ်အုပ်စု၏ ချဉ်းကပ်နည်းများ

ယခုစာတမ်းအတွက် မိမိတို့မေးမြန်းခဲ့သော သတင်းအရင်းမြစ်များ၏ ရှုမြင်သုံးသပ် ချက်များအရ ငြိမ်းချမ်းရေးအတွက် စစ်အုပ်စု၏ ချဉ်းကပ်သည့် ပုံစံ၊ နည်းလမ်းများသည် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့များ (EROs)အား တစ်ဖွဲ့ချင်း ဖြစ်စေ၊ စု ဖွဲ့ထားသည့် တပ်ပေါင်းစုဖြစ်စေ ညီညွတ်မှုပျက်ပြားစေရန် ခွဲခြားဆက်ဆံခြင်း၊ သပ်လျှို သွေးခွဲခြင်းနည်းလမ်းများကို အသုံးပြုချဉ်းကပ်လေ့ရှိသည်ဟု ဆိုကြပါသည်။ စီးပွားရေးအရ လုပ်ပိုင်ခွင့်များ ပေးအပ်ကာ အပေးအယူသဘောမျိုးဖြင့် ယာယီအပစ်အခတ်ရပ်စဲရေးကို သာ ဦးတည်ကြိုးပမ်းလေ့ရှိပြီး ၎င်းတို့၏ အာဏာနှင့် အကျိုးစီးပွားများ ရေရှည်တည်မြဲရေး အတွက် နည်းပရိယာယ်တစ်ခုသဖွယ် အသုံးပြုလေ့ရှိသည်ဟု ဆိုကြပါသည်။

“တစ်သမတ်တည်း သူတို့လုပ်လာတဲ့နည်းကတော့ သွေးခွဲပြီးတော့ အဖွဲ့တွေကို စည်းလုံးမှုပျက်ပြားအောင် လုပ်မယ်။ အဲ့ဒီအပေါ်မှာ သူတို့က အနိုင်ယူမယ်။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ တစ်ခုတိုင်း တစ်ခုတိုင်း လုပ်လာတဲ့အခါမှာ သူတို့ အသားစီးရဖို့က အရေးကြီး တယ်။ အဲ့တော့ သူ့အသားစီးမရရင် ဘယ်တော့မှ မလုပ်ဘူး။ သူတို့ အသာစီး မရမချင်းကို လုပ်ယူတယ်” [23] ဟု ကရင်အမျိုးသားအစည်းအရုံး(KNU) ပြောခွင့်ရသူ ပဒိုစောတောနီးက

[21] တပ်မတော်၏ ငြိမ်းချမ်းရေးမူ ၆ ချက်က တိုင်းရင်းသားလက်နက်ကိုင်များအတွက် အကြီးမားဆုံးအခက် အခဲဖြစ်နေ၊ BNI-MPM၊ https://bit.ly/3Fk5EGX

[22] နိုင်ငံတော် အတိုင်ပင်ခံ ၊ အနာဂတ်ပြည်ထောင်စုအိပ်မက်နှင့် ငြိမ်းချမ်းရေးဇာတ်မျော၊ BNI-MPM https://bit.ly/3uMOE7c

[23] Interviews (6) ကရင်အမျိုးသားအစည်းအရုံး ပြောခွင့်ရသူ ပဒိုစောတောနီးနှင့် စာတမ်းအတွက် အမေး အဖြေ ၊ BNI - MPM

သူ့ အတွေ့အကြုံအပေါ် မူတည်ကာ သုံးသပ်ပြပါသည်။

WLB အတွင်းရေးမှူး နော်ဆဲဆဲကလည်း သူမကိုယ်တိုင် ကြုံတွေ့ခဲ့ရသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအတွင်း ဆွေးနွေးမှုပုံစံများသည် အပြန်အလှန် ဆွေးနွေးညှိနှိုင်းသည့် ပုံစံမျိုးမဟုတ်ခဲ့ကြောင်း ပြန်ပြောပြပါသည်။ "စစ်တပ်မှာ တကယ်ဖြစ်နေတာက ငြိမ်းချမ်းရေးမှာ ပါဝင်ဦးဆောင်လုပ်နေတယ်ဆိုပေမယ့် တကယ်တမ်းက သူတို့အနောက်မှာ အမိန့်နဲ့ပါလာတယ်။ ညှိနှိုင်းဆောင်ရွက်မှုတွေ မလုပ်ဘူး။ ဒါဆိုရင် ဒါပဲ" ။ [24]

နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း စစ်တပ်၏ ပါဝင်မှုသည် တရားဝင်မှုရရှိရန်နှင့် ၎င်းတို့၏အကျိုးစီးပွားအတွက် အကာအကွယ်ရရှိနိုင်ရေး အစီအစဉ်များကိုလုပ်ဆောင်နေခြင်းသာဖြစ်ကြောင်း နော်ဆဲဆဲက ရှုမြင်ပြီး တကယ့်စစ်မှန်သည့် ငြိမ်းချမ်းရေးကို မရရှိနိုင်ကြောင်း သူမက ဆိုပါသည်။

၁၉၆၂ ခုနှစ် စစ်အာဏာသိမ်းကာလမှစပြီး စစ်အုပ်စု၏ ငြိမ်းချမ်းရေးအတွက် ချဉ်းကပ်မှုနည်းလမ်းများသည် စစ်ရေးအရ ပင်ပမ်းလာသည့်အချိန်နှင့် နိုင်ငံရေးဖိအားများ ကြုံတွေ့ရသည့်အချိန်မျိုးတွင်မှသာ ယာယီအပစ်ရပ်ရေးသဘောမျိုး ချဉ်းကပ်လေ့ရှိသည်ဟု ABSDF ဗဟိုကော်မတီဝင် ရဲဘော်မိဆူးပွင့်က သုံးသပ်ပါသည်။ နိုင်ငံရေးအရ ဆွေးနွေးနိုင်ခွင့်ကို ကန့်သတ်တားမြစ်ထားပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းသည့် အဆင့်သို့ မရောက်ရှိခဲ့ကြောင်း သူမက ဆိုပါသည်။ ၂၀၁၅ ခု နှစ် အောက်တိုဘာလတွင် လက်မှတ်ရေးထိုးခဲ့သော NCA လုပ်ငန်းစဉ်သည် ပင် စစ်အုပ်စုဖက်က အစပျိုးခြင်းမျိုး မဟုတ်ခဲ့ကြောင်း ရဲဘော်မိဆူးပွင့်က ပြန်ပြောပြပါသည်။

"တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း (၁၆) ဖွဲ့က နိုင်ငံရေးဆွေးနွေးပွဲကို လိုချင်လို့ အပစ်အခတ်ရပ်စဲရေးနဲ့ လမ်းမဆုံးဖို့ တွန်းတွန်းတိုက်တိုက် လုပ်ခဲ့ကြတဲ့ လုပ်ငန်းစဉ် တရပ် ဖြစ်ပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲမှာ စစ်တပ်ဖက်က အနိုင်ရမယ်လို့ မျှော်လင့်ပြီး NCA လမ်းကြောင်းကို စစ်တပ်ဖက်ကလည်း အပြန်အလှန်ညှိနှိုင်းမှုများစွာနဲ့ လက်ခံခဲ့တယ်လို့ ယူဆပါတယ်။ ဒါပေမယ့်လည်း ပါဝင်သင့်ပါဝင်ထိုက်သူများအားလုံး ပါဝင်လက်မှတ်ထိုးရေးကို လက်မခံခဲ့လို့ စစချင်းမှာပဲ သဘောထားကွဲလွဲမှုတွေ အကြီးအကျယ်ဖြစ်ခဲ့ရပါတယ်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေထဲမှာလည်း သဘောထားကွဲလွဲမှုနဲ့ ညီညွတ်ရေးပွန်းပဲ့မှုတွေ ဖြစ်ခဲ့ရပါတယ်"။ [25]

---

[24] Interviews (5) ၊ အမျိုးသမီးအဖွဲ့ချုပ်(မြန်မာနိုင်ငံ) အတွင်းရေးမှူး နော်ဆဲဆဲနှင့် စာတမ်းအတွက် အမေးအဖြေ ၊ BNI-MPM

[25] Interviews (9) ၊ ABSDF ဗဟိုကော်မတီဝင် ရဲဘော်မိဆူးပွင့်နှင့် စာတမ်းအတွက် အမေးအဖြေ၊ BNI-MPM

NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် ERO (၂၁) ဖွဲ့ရှိသည့်အနက် ERO ကိုယ်စားလှယ်များဖြင့် စုဖွဲ့ထားသော တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့(NCCT) အနေဖြင့် ERO (၁၆)ဖွဲ့ကိုတင်သွင်းခဲ့ရာ ဦးသိန်းစိန်အစိုးရက (၆)ဖွဲ့ကို လက်မခံခဲ့ပေ။[26] ရက္ခိုင့်တပ်တော်(AA)၊ ရခိုင်အမျိုးသားကွန်ကရက်(ANC)၊ လားဟူဒီမိုကရက်တစ် အစည်းအရုံး(LDU)၊ ကိုးကန့်တပ်ဖွဲ့(MNDAA)၊ ဝ'အမျိုးသားအဖွဲ့ချုပ်(WNO)နှင့် တအာင်း(ပလောင်) လက်နက်ကိုင်တပ်ဖွဲ့(TNLA) တို့ကို ချန်လှပ်ခဲ့ခြင်းဖြစ်ပြီး နောက်ပိုင်းတွင် TNLA ကို နှစ်ဖက်အပစ်ရပ်ရေး လက်မှတ်ထိုးပြီးမှ NCA တွင် ပါဝင်နိုင်ကြောင်း ဦးသိန်းစိန်အစိုးရဘက်က ကမ်းလှမ်းခဲ့သည်ဟု ဆိုပါသည်။

၂၀၁၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအတွက် လွှတ်တော်တွင်း၊ လွှတ်တော်ပြင်ပလမ်းကြောင်း နှစ်ခုစလုံးကို လုပ်ဆောင်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဦးဆောင်သည့် အစိုးရသည် NCA လက်မှတ်မထိုးထားသည့် ERO များအတွက် လမ်းဖွင့်ထားသည့်အနေဖြင့် နိုင်ငံရေးဆွေးနွေးမှုမှုဘောင်ကို အတည်မပြုဘဲ သဘောတူထားခဲ့ရသည်ဟု ရဲဘော်မိဆူးပွင့်က ဆိုပါသည်။ "NLD အနေနဲ့ တိုင်းရင်းသားအရေး၊ တနည်း ဖက်ဒရယ်အရေး ကို ဦးစားပေးဆောင်ရွက်နိုင်ဖို့ အခြေအနေမပေးခဲ့ဘူး။ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာ အစိုးရ၊ လွှတ်တော်၊ တပ်မတော်ဆိုတဲ့ ကိုယ်စားပြုမှု(၃)ခုက တစ်စုအနေနဲ့ ပေါ်လာသော်လည်း တပ်မတော်ရဲ့ သဘောထားသည်သာ အဓိက ဖြစ်ခဲ့ပါတယ်"။ [27]

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ(DPNS) တွဲဖက်အတွင်းရေးမှူး ဒေါ်နှင်းနှင်းမွှေးကတော့ နှစ်ဖက်အပစ်အခတ် ရပ်စဲရေးပဲ သုံးသုံး၊ NCA ပဲ ခေါ်ခေါ် စစ်အုပ်စုတွင် တကယ့်စိတ်ရင်းစေတနာအမှန် မရှိသည့်အတွက် ပြည်တွင်းငြိမ်းချမ်းရေးလမ်းကြောင်းသည် ကောင်းမွန်သည့် အလားလာများမရှိခဲ့၊ မမြင်တွေ့ရခဲ့ဟု ရှုမြင်ပါသည်။ NCA အပါအဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လေ့လာကြည့်ပါက အစိုးရသက်တမ်းနှစ်ခုစလုံး (စစ်ဗိုလ်ချုပ်ဟောင်း ဦးသိန်းစိန်နှင့် NLD အစိုးရလက်ထက်)တွင် ပြည်သူလူထုအတွက်၊ ငြိမ်းချမ်းရေးအတွက် ဘာများ ထိရောက်မှုရှိခဲ့သနည်းဟု သူမက မေးခွန်း ထုတ်ပါသည်။

"ဒီဆွေးနွေးပွဲတွေမှာ စစ်ဗိုလ်ချုပ်တွေ၊ စစ်ဗိုလ်တွေဆိုလို့ရှိရင် သူတို့ဆွေးနွေးတဲ့ပုံစံအတိုင်း ဘောင်မဝင်ဘူးဆိုလို့ရှိရင် စားပွဲခုံကို လက်သီးနဲ့ ထုပြီးတော့တောင် ထွက်သွားတာ

[26] ငြိမ်းချမ်းရေးလမ်း၊ အောင်နိုင်ဦး၊ စာမျက်နှာ ၁၂၉

[27] Interviews (9)၊ ABSDF ဗဟိုကော်မတီဝင် ရဲဘော်မိဆူးပွင့်နှင့် စာတမ်းအတွက် အမေးအဖြေ၊ BNI-MPM

လေ။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အင်အားစုလို့တောင် အသုံးပြုခွင့်မရတဲ့ ဟာမျိုး၊ EAO ပဲ သုံးလို့ရခဲ့တာပေါ့နော်။ ERO တောင် သုံးလို့မရလိုက်တဲ့ အခြေအနေ၊ အနေအထားမျိုး ဖြစ်တဲ့အခါကျတော့ သူတို့ရဲ့ ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေးလို့ပြောနေတဲ့ဟာက Bilateral ပဲဖြစ်ဖြစ်၊ NCA ပဲဖြစ်ဖြစ် တကယ်တမ်းမှာတော့ ကျိုးကြောင်းဆီလျော်ညီညွတ်မှုမရှိဘူး"။ [28]

လက်ရှိ အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော စစ်အုပ်စုသည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်ကစပြီး "ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းချမ်းရေးအတွက်" ဟုဆိုကာ ၎င်းတို့၏ စစ်တိုင်းအချို့ကို ချန်လှပ်ပြီး စစ်ဆင်ရေးနယ်မြေအလိုက် စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများအားလုံး ရပ်ဆိုင်းမည့်အကြောင်း ကြေညာလေ့ရှိပါသည်။ ၂၀၁၉ ခုနှစ် ဧပြီလ ၃၀ ရက်၊ ၂၀၁၉ ခုနှစ် ဇွန်လ ၃၀ ရက်၊ ၂၀၁၉ ခုနှစ် ဩဂုတ်လ ၃၁ ရက်၊ ၂၀၂၀ ပြည့်နှစ် မေလ ၉ ရက်၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၄ ရက်၊ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၃၀ ရက် စသည့် ရက်စွဲများတွင် ၎င်းတို့၏ စစ်ရေးလှုပ်ရှားမှုများ ရပ်စဲကြောင်း ကြေညာချက်များကို အကြိမ်ကြိမ်ထုတ်ပြန်ခဲ့ပါသည်။ ထုတ်ပြန်ချက်များသည် ရက်စွဲသာ ကွဲပြားမှုရှိသော်လည်း ငြိမ်းချမ်းရေးအတွက် စစ်အုပ်စု၏ သဘောထားသည် ပြောင်းလဲမှုတစုံတရာ မမြင်တွေ့ရဟု ဆိုရပါမည်။

၎င်းတို့၏ ပထမဆုံးထုတ်ပြန်ချက်[29] တွင်ပင် NLD အစိုးရဦးဆောင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ ၎င်းတို့၏ အခန်းကဏ္ဍကို သီးခြားခွဲထွက်ကာ သက်ဆိုင်ရာနယ်မြေအလိုက် စစ်တိုင်းမှူးများပါဝင်သော (၈) ဦးပါ ညှိနှိုင်းဆွေးနွေးရေး အဖွဲ့ကို ဖွဲ့စည်းပြီး ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့်ကို ဦးဆောင်စေခဲ့သည်။ ၎င်းအဖွဲ့သည် NCA လက်မှတ်ထိုးထားသည့် အပစ်ရပ် ERO (၁၀) ဖွဲ့နှင့် NCA စာချုပ်ပါအတိုင်း ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် လိုအပ်ပါက တစ်ဖွဲ့ချင်းစီအလိုက် ဆွေးနွေးပေးမည်ဟု ဆိုပါသည်။ စစ်အုပ်စုသည် ၎င်းတို့၏ ငြိမ်းချမ်းရေးမူ (၆) ချက်အနက် (က) သဘောတူ ညီစာချုပ်များအတိုင်း ကတိတည်ရန်၊ (ခ) ငြိမ်းချမ်းရေးသဘောတူညီချက်များအပေါ် အမြတ်မထုတ်ရန်၊ (ဂ) ဒေသ ခံပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်နှင့် (ဃ) နိုင်ငံတော်က ထုတ်ပြန်ထားသည့် တည်ဆဲဥပဒေများကို လိုက်နာရန်ဟူသည့် အချက် (၄)ကို ERO အားလုံး လိုက်နာကြရန် တိုက်တွန်းထားသည်။

[28] Interviews (8) လူ့အခွင့်အရေးစိုင်းကိုယ်စားလှယ်တစ်ပါတီ တွဲဖက်အတွင်းရေးမှူး ဒေါ်နင်းနင်းမွေးနှင့် စာတမ်းအတွက် အမေးအဖြေ ၊ BNI - MPM

[29] ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်၊ ၂၁ ဒီဇင်ဘာ ၂၀၁၈၊ တပ်ချုပ်ရုံး

စစ်အုပ်စုသည် ဦးဆောင်သူ လူပုဂ္ဂိုလ်နှင့် ခေတ်အခြေအနေအရ ပြောင်းလဲမှုအချို့သာ ရှိခဲ့ပြီး ငြိမ်းချမ်းရေးအတွင်း ချဉ်းကပ်ရာတွင် အပစ်အခတ်ရပ်စဲရေးကို သဘောတူညီမှုရယူကာ ERO များအား လက်နက်ဖြုတ်သိမ်းရေးနှင့် ၎င်းတို့လက်အောက်ခံ ပြည်သူ့စစ်အဖွဲ့ ဝင်အဖြစ် ခံယူရေးနှင့် နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးဆိုသည့် ဦးတည် ကြိုးပမ်းလေ့ရှိကြောင်း ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP) မှ အတွင်းရေးမှူး (၁) ခူဒယ်နီယာ က ပြောပါသည်။

"အားလုံး လက်နက်ဖျက်သိမ်းဖို့ လက်နက်ချဖို့ အဲ့ဒီဟာကိုပဲ သူလိုချင်တာ ဖြစ်တယ်။ အဲ့တော့ သူတို့ချဉ်းကပ်နည်းက တောက်လျှောက်သုံးလာခဲ့ပြီးပြီ။ လက်နက်ကိုင်ထားတဲ့ တိုင်းရင်းသားတစ်ယောက်ကလည်း သူ့အမျိုးသားအတွက် သူအလုပ်လုပ်နေတယ်လေ။ လက်နက်ချပါလို့ သူ့ကို သွားပြောရင်တော့ ဘယ်တော့မှ လက်နက်ချမှာ မဟုတ်ဘူး။ အဲ့ဒါတော့ သူတို့ချဉ်းကပ်တဲ့ နည်းလမ်းတွေက မမှန်ကန်နေဘူးဆိုတာ တွေ့ရတယ်"။ [30]

မွန်ပြည်သစ်ပါတီ(NMSP) ဥက္ကဋ္ဌ နိုင်ဟံသာကလည်း စစ်အုပ်စုသည် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၏ တပ်ဖွဲ့များနှင့် ပတ်သက်ပြီး ဘယ်တော့မှ ထည့်သွင်းစဉ်းစားခဲ့ခြင်း မရှိကြောင်း ယခုလို ပြောဆိုပါသည်။

"အတွေ့အကြုံအရ ကျနော်တို့တိုင်းရင်းသားတပ်ဖွဲ့တွေအတွက်လည်း အာမခံချက်ရှိဖို့ လိုအပ်ပါတယ်။ ကျနော်တို့ တပ်တွေကို ပြည်နယ်လုံခြုံရေးတပ်အနေနဲ့ ထားပေးဖို့ လိုလားတယ်။ တင်ပြထားတာလည်း ရှိပါတယ်။ ဒါပေမယ့် တပ်မတော်ဘက်က လက်မခံဘူး၊ တပ်မတော်ပြင်ဆင်ရေးအပိုင်းမှာလည်း အစိုးရနဲ့ တပ်မတော်ပဲ ဆွေးနွေးသွားဖို့ ရှိပါတယ်။ ခင်ဗျားတို့ တိုင်းရင်းသားတွေနဲ့ မဆိုင်ဘူးလို့ ကျနော်တို့ကို ပြောထားတယ်"။ [31]

## JMC – U အစည်းအဝေး လေ့လာမှုအတွေ့အကြုံ

၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၇ ရက်နှင့် ၈ ရက်နေ့များတွင် ဖြစ်သည်။ နေပြည်တော်ရှိ Horizon Lake View ဟိုတယ်တွင် ကျင်းပသော (၁၉) ကြိမ်မြောက် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့် ရေးကော်မတီ (JMC-U အစည်းအဝေး သို့ BNI-Myanmar Peace Monitor မှ သွားရောက် လေ့လာခြင်း၊ သတင်းရယူခြင်းနှင့် တွေ့ဆုံမေးမြန်းခြင်းတို့ ပြုလုပ်ခဲ့ပါသည်။

---

[30] Interview (4) ကရင်နီအမျိုးသားတိုးတက်ရေးပါတီ အတွင်းရေးမှူး (၁) ခူဒယ်နီယာယ်နှင့် စာတမ်းအတွက် အမေးအဖြေ၊ BNI-MPM

[31] မွန်ပြည်သစ်ပါတီ ဥက္ကဋ္ဌ နိုင်ဟံသာနှင့် တွေ့ဆုံမေးမြန်းခြင်း၊ BNI-MPM၊ https://bit.ly/3HbLdi0

စစ်အုပ်စုမှ ဗိုလ်ချုပ်ရာပြည့်သည် JMC-U ၏ ဥက္ကဋ္ဌ ဖြစ်သည်။ ကရင်အမျိုးသား အစည်းအရုံး(KNU)မှ ဗိုလ်ချုပ် စောအိုင်းဇက်ဖိုးသည် JMC-U ၏ ဒုဥက္ကဋ္ဌ (၁) ဖြစ်သည်။ JMC – U ကို အစိုးရ ကိုယ်စားလှယ် (၁၀)ဦး၊ NCA လက်မှတ်ထိုးထားသော တိုင်းရင်းသား လက်နက်အဖွဲ့အစည်းများ၏ ကိုယ်စားလှယ် (၁၀) ဦးနှင့် အရပ်သားကိုယ်စားလှယ် (၆) ဦးတို့ဖြင့် ဖွဲ့စည်းထားသည်။

အခမ်းအနားတွင် နှုတ်ခွန်းဆက်မိန့်ခွန်းပြောကြားချိန်မှအပ သတင်းမီဒီယာသမားများ အားလုံး အစည်းအဝေးခန်းမမှ ထွက်ရသည်။ အပြင်မှသာ စောင့်ဆိုင်းနေရပြီး ၎င်းတို့ သတင်းစာရှင်းလင်းချိန်တွင်မှသာ သတင်းရယူကြရပါသည်။

အစည်းအဝေးခန်းမရှိရာ ဟိုတယ်ဝန်းကျင်တဝိုက်တွင် လုံခြုံရေးများ ကြပ်မတ်ထား ပြီး တချို့က အရပ်ဝတ်ဖြင့် စောင့်ကြည့်နေကြသည်။ အစည်းအဝေးတက်ရောက်နေကြရ သော ERO ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံ မှုအခြေအနေကို တွေးဆကြည့်မိသည်။ BNI – Myanmar Peace Monitor အနေဖြင့် JMC-U ၏ ဒုဥက္ကဋ္ဌ (၁) ဗိုလ်ချုပ်စောအိုင်းဇက်ဖိုး၊ JMC–U ဒုဥက္ကဋ္ဌ (၂) တာဝန်ယူခဲ့ဖူးသူ ပြည်သူ့ပါတီ ဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် ချင်းအမျိုးသားတပ်ဦး(CNF)မှ ဒေါက်တာစွေခါးတို့ကို တွေ့ဆုံမေးမြန်းခွင့် ရရှိခဲ့သည်။

ဦးကိုကိုကြီးက NCA စာချုပ်ပါ ဝေါဟာရဆိုင်ရာ အငြင်းပွားမှုများကို ယခုလို ရှင်းပြပါသည်။



"အထူးသဖြင့်တော့ နယ်မြေသတ်မှတ်တာတွေနဲ့ ပတ်သက်ပြီး ထိန်းချုပ်နယ်မြေတို့၊ အပစ်ရပ်နယ်မြေတို့ စတဲ့ ဝေါဟာရတွေက အဘိဓာန်လှန်ပြီး ရှာဖွေလို့ရတဲ့ ကိစ္စတွေ

မဟုတ်ဘူး။ ဒါက နိုင်ငံရေးအရ ညှိနှိုင်းပြီး သတ်မှတ်ဖြေရှင်းရမယ့် ကိစ္စတွေဖြစ်တယ်။ နောက်ပြီးတော့ တချို့နယ်မြေသတ်မှတ်မှုတွေမှာ တစ်ဖွဲ့နဲ့ တစ်ဖွဲ့ ထပ်နေတာတွေ ရှိတယ်။ ဒီကိစ္စတွေက ဝေါဟာရဆိုပေမယ့် နိုင်ငံရေးအရ ဆွေးနွေးဆုံးဖြတ်ရမယ့်ကိစ္စတွေ ဖြစ်နေတော့ အဲ့ဒါတွေက ပြဿနာဖြစ်နေတယ်။ တခြားသော ဝေါဟာရဆိုင်ရာ ကိစ္စတွေမှာလည်းပဲ နှစ်ဖက်ပြဿနာဖြစ်လို့ရှိရင် နှစ်ဖက်လုံးက ကိုယ့်ရဲ့ နားလည်မှုနဲ့ ဘာသာပြန်ပြီးဆွေးနွေးတဲ့အခါမှာ ကွဲလွဲနေတာတွေရှိတယ်။ ဥပမာအားဖြင့်ဆိုရင် ကြားကာလအစီအမံများဆိုတဲ့ အပိုဒ်ဆိုရင် တော်တော် အငြင်းပွားစရာရှိတယ်။ ဒါက NCA ထဲမှာ အခန်းတစ်ခန်းအနေနဲ့ ထည့်သွင်းထားပေမယ့် ဒါနဲ့ ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းမှု၊ အကောင်အထည်ဖော်မှုတွေကို သေချာမလုပ်နိုင်ဘူး”။ [32]

ထို့အပြင် JMC အတွင်း အစိုးရ၏ အခန်းကဏ္ဍနှင့် စစ်အုပ်စု၏ ပါဝင်မှုကိုလည်း ဦးကိုကိုကြီးက ယခုလိုချိန်ထိုးပြ ထားပါသည်။

“တကယ့်တကယ်ဆိုရင် JMCမှာ အရပ်သားကိုယ်စားလှယ်၊ EAOs ကိုယ်စားလှယ်၊ ဒီဖက်မှာ အစိုးရ ကိုယ်စားလှယ် ဆိုပြီး သုံးနှုန်းထားတယ်။ အခုဟာက JMCမှာ အစိုးရကိုယ်စား ပြည်ထဲရေးဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးပါရင် အစိုးရပါတာပဲဆိုပြီး ပြောလို့မရဘူး။ ဆိုလိုချင်တာက အနိုင်ရပါတီဘက်က အစိုးရ ကိုယ်စားလှယ် ပါဝင်သင့်တယ်လို့ ကျွန်တော်မြင်တယ်။ ဒါမှ JMCမှာ ရှိနေတဲ့ အခက်အခဲတွေ၊ ဆွေးနွေးငြင်းခုန်တာတွေကို အစိုးရပိုင်းက သိဖို့၊ ထည့်သွင်းစဉ်းစားနိုင်ဖို့ အချက်အလက်တွေ ရရှိဖို့ လိုတယ်လို့မြင်ပါတယ်”။



[32] JMC-U အရပ်သားကိုယ်စားလှယ် ဦးကိုကိုကြီးနှင့် တွေ့ဆုံခြင်း၊ BNI-MPM၊ https://bit.ly/3VXnuWK

JMC-U ၏ ဒုဥက္ကဋ္ဌ (၁) ဖြစ်သူ ကရင်အမျိုးသားအစည်းအရုံး(KNU)မှ ဗိုလ်ချုပ်စောအိုင်းဇက်ဖိုးကလည်း ရွေးကောက်ခံ NLD ဦးဆောင်သည့် အစိုးရနှင့် စစ်အုပ်စုတို့၏ JMC အတွင်း ပါဝင်မှုအခြေအနေကို ယခုလို ရှင်းပြပါသည်။

"နောက်ပိုင်း NLD အစိုးရတက်လာပြီးနောက်ပိုင်းမှာတော့ သီးခြားလိုဖြစ်သွားတယ်လေ။ ဖြစ်သွားခြင်းအကြောင်းကလည်း တပ်ပိုင်းဆိုင်ရာလို့ ပြောတဲ့အခါကျကြတော့ အစိုးရကလည်း တပ်ပိုင်းဆိုင်ရာကလည်း လုပ်ပါဆိုတဲ့ သူတို့ရဲ့သဘောထားနဲ့သွားတယ်ဆိုတော့ အခုလောလောဆယ်တော့ အာဏာရပါတီအစိုးရဖက်ကတော့ မပါဝင်ဘူးပေါ့။ တကယ်လို့ JMCမှာ အာဏာရပါတီကို ကိုယ်စားပြုမယ့်သူ ပါဝင်နိုင်မယ်ဆိုရင်တော့ ပိုပြီးတော့ မြင်ဆိုင်တာပေါ့။ ဘာလို့လည်းဆိုတော့ တပ်မတော်နဲ့ အစိုးရကြားမှာလည်း ပိုပြီးတော့ အချင်းချင်း နားလည်မှုပိုကောင်းလာမယ်။ နှစ်ဖက်ကြားမှာ ပိုပြီး စုစည်းမှုပိုခိုင်မာလာနိုင်မယ်ပေါ့။ တကယ်တမ်းဖြစ်လာနိုင်မယ်ဆိုရင် ပါလာနိုင်မယ်ဆိုင်ရင် ကောင်းတာပေါ့နော်"။ [33]

JMC အတွင်း စောင့်ကြည့်ရေးယန္တယားနှင့် အစီအစဉ်များ လိုအပ်နေမှုကိုလည်း ဗိုလ်ချုပ် စောအိုင်းဇက်ဖိုးက ယခုလိုထောက်ပြပြောဆိုပါသည်။

"အထူးသဖြင့် JMC နဲ့ပတ်သက်ပြီး ပြည်နယ်အဆင့်မှာပဲ အဓိကအလုပ်လုပ်ရမှာဖြစ်တယ်။ တပ်ချင်းတပ်ကြားမှာ သီးခြားတွေ့ဆုံနိုင်တဲ့ ယန္တရားတွေ၊ လက်တံတွေ ဖြန့်ထားဖို့လိုတယ်။ အဲဒီအောက်မှာမှ JMCဆိုတာ သီးခြားဖွဲ့ စည်းနိုင်ဖို့၊ စောင့်ကြည့်ဖို့ဆိုတာကို သီးသီးသန့်သန့် လုပ်နိုင်ဖို့ဆိုတာ ဖန်တီးရမယ်။ ပြောချင်တာကတော့ စစ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်တွေ၊ သဘောတူညီချက်တွေ ရပြီးတော့မှပဲ စောင့်ကြည့်တဲ့သူက စောင့်ကြည့်နိုင်မှာလေ။ အဲလိုမှမဟုတ်ရင် စောင့်ကြည့်တဲ့သူက ဘာကို သွားစောင့်ကြည့်ရမလဲ။

ဥပမာ-ဖာပွန်မှာ တပ်မတော်က လမ်းဖောက်တဲ့ကိစ္စဆိုရင်လည်း တစ်ဖက်ကလည်း လမ်းဖောက်ခြင်းကို နှစ်ဖက်သဘောတူညီချက်ယူရမယ်ဆိုတဲ့သဘောရှိတယ်။ တစ်ဖက်ကလည်း အကြောင်းကြားတယ်လို့ ပြောတယ်။ အကြောင်းကြားရုံနဲ့မပြီးဘူး၊ နှစ်ဖက်သဘောတူညီချက်နဲ့ ဖောက်ပါဆိုတာမျိုးပေါ့။ ဒီလိုအခြေအနေမျိုးမှာ အရင်ဆုံးတပ်နှစ်ခုကြား အရင်ဆုံးညှိနှိုင်းတဲ့ယန္တယားကနေ သဘောတူညီချက်အပေါ်မှာ စောင့်ကြည့်တဲ့သူက စောင့်ကြည့်လို့ ရမယ်လေ။

အခုက အရပ်သားကိုယ်စားလှယ်တွေကို နှစ်ဖက်အကြားထားပေမယ့်လည်း သူ့လူကိုယ့်လူဆိုတဲ့ သံသယက ရှိနေပြန်တယ်။ ဒါကြောင့် လက်တွေ့အကောင်အထည်ဖော်နိုင်မယ့် အစီအစဉ်တွေ၊ ယန္တရားတွေလိုနေမှာပဲ။"

---

[33] JMC-U ဒုတိယဥက္ကဋ္ဌ (၁) ဗိုလ်ချုပ် စောအိုင်းဇက်ဖိုးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ BNI-MPM၊ https://bit.ly/3VC3YiS

**သူတို့ကိုယ်တိုင် ပြောင်းမပြောင်းတော့**
**ကျနော်တို့မသိဘူး စနစ်တစ်ခုက။**
**သို့သော် ဆွေးနွေးလို့ တန်းတူ ဆွေးနွေးပြီးတော့**
**နိုင်ငံရေးသဘောတူညီချက်ရလို့ ပြောင်းမယ့်ပုံစံကတော့**
**သူတို့ သိပ်မကြိုက်တဲ့ သဘောရှိတယ်ဗျာ။**
**အဲဒါ ပွင့်ပွင့်လင်းလင်းပြောတာ . . .**

## စစ်အာဏာရှင်စနစ် အခွန့်ရှည်ရေးအတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကို အသုံးချနေသလား

ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးညှိနှိုင်းရာတွင် တန်းတူရည်တူရှိမှု၊ အပြန်အလှန် လေးစားမှုတို့ဖြင့် နည်းမှန်လမ်းမှန် ပြုမူဆောင်ရွက်ပါက အာဏာရှင်စနစ်မှတဆင့် ဒီမိုကရေစီစနစ်သို့ ပြောင်းလဲရောက်ရှိသွားနိုင်သည်ကို လက်ခံသော်လည်း သဘောရိုးနှင့် မဟုတ်ဘဲ ကိုယ်က အပေါ်စီးက နေရပါမှ၊ ကိုယ်က အသာစီးရပါမှဆိုသည့် အမျိုးသားနိုင်ငံရေးကို ဆုပ်ကိုင်ကာ အာဏာ လက်မလွှတ်ရရေးအတွက် အသုံးချဆွေးနွေးနေခြင်းသည် စစ်အာဏာရှင်စနစ် အခွန့်ရှည်ရေးအတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို အသုံးချနေသည် ဆိုသည်က မှန်ကန်သည်ဟု ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် ဗိုလ်မှူးကြီးခွန်ဥက္ကာက ရှုမြင်ပါသည်။


"သူတို့ကိုယ်တိုင် ပြောင်းမပြောင်းတော့ ကျနော်တို့မသိဘူး စနစ်တစ်ခုက။ သို့သော် ဆွေးနွေးလို့ တန်းတူဆွေးနွေးပြီးတော့ နိုင်ငံရေးသဘောတူညီချက်ရလို့ ပြောင်းမယ့်ပုံစံကတော့ သူတို့ သိပ်မကြိုက်တဲ့ သဘောရှိတယ်ဗျာ။ အဲဒါ ပွင့်ပွင့်လင်းလင်းပြောတာ"။ [34]

---

[34] Interviews (3)၊ ဗိုလ်မှူးကြီးခွန်ဥက္ကာနှင့် စာတမ်းအတွက် အမေးအဖြေ၊ BNI-MPM

"စစ်အာဏာရှင်စနစ် အခွန့်ရှည်ရေးအတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကို အသုံးချနေသလား" ဆိုသည့် မေးခွန်းသည် ယခုစာတမ်းအတွက် အဓိကကျသော မေးခွန်းဖြစ်ပြီး အောက်ဖော်ပြပါ Chart အတိုင်း အဖြေများကို မြင်တွေ့ရသဖြင့် စစ်အုပ်စုအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို စစ်အာဏာရှင်စနစ် အခွန့်ရှည်စေရေးအတွက် အသုံးချနေသည်ဟု ဖြေဆိုသူအားလုံးက ရှုမြင်ကြပါသည်။

"စစ်အာဏာရှင်စနစ် အခွန့်ရှည်ရေးအတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကို အသုံးချနေသလား" အတွက် အဖြေများ




ကိုယ်တိုင်က နိုင်ငံရေးလေ့လာသုံးသပ်သူ မဟုတ်သည့်တိုင် အတွေ့အကြုံအရ စစ်အုပ်စု အုပ်ချုပ်သည့် ခေတ်အဆက်ဆက်တိုင်းတွင် စစ်တပ်သည် ငြိမ်းချမ်းရေးဟု ခေါင်းစဉ်တပ်အသုံးချလေ့ရှိသည်ဟု ကချင်လွတ်လပ်ရေးအဖွဲ့(KIO) ပြောခွင့်ရသူ ဗိုလ်မှူးကြီး နော်ဘူက ဆိုပါသည်။ "သူတို့အကြပ်အတည်းကြုံတဲ့အချိန် ငြိမ်းချမ်းရေးခေါ်ပြီးတော့ စစ်အာဏာရှင်စနစ် အခွန့်ရှည်ဖို့အတွက်လုပ်တယ်လို့ အတွေ့အကြုံအရပြောနိုင်ပါတယ်"။ [35]

KIO သည် စစ်အုပ်ချုပ်ရေး(နဝတခေတ်)ကာလ၊ ၁၉၈၉ ခုနှစ် အပစ်ရပ်ရေးလုပ်ငန်းစဉ်မှ ၂၀၁၁ ပြည့်နှစ်အထိ ၂၂ နှစ်တာအချိန်အတွင်း စာနင့်ပေနင့်ရေးသားကာ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည့် တစ်ခုတည်းသော အပစ်ရပ်အဖွဲ့ ဖြစ်သည်။ ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့စွဲဖြင့် လက်မှတ်ရေးထိုးထားသော အဆိုပါအပစ်ရပ်စာချုပ်အား စစ်တပ်

[35] Interviews (7) ကချင်လွတ်လပ်ရေးတပ်မတော် ပြောခွင့်ရသူ ဗိုလ်မှူးကြီးနော်ဘူနှင့် စာတမ်းအတွက် အမေးအဖြေ၊ BNI - MPM

[36] ငြိမ်းချမ်းရေးစစ်တမ်း ၊ ဦးအောင်ထူး(လူ့အခွင့်အရေးရှေ့နေ)၊ စာမျက်နှာ - ၁၆၅

ဘက်မှ ချိုးဖောက်ခဲ့သဖြင့် တိုက်ပွဲများပြန်လည်စတင်ခဲ့ခြင်း ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ၁၇ နှစ်တာ အပစ်ရပ်ကာလအတွင်း တစုံတရာဖော်ဆောင်ခဲ့သည့် ဒေသဖွံ့ဖြိုးရေးဟူသည်များမှာလည်း လုံးဝပင် ပျက်စီးသွားခဲ့သည်။ [36]

စစ်အုပ်စုသည် ၎င်းတို့စိတ်ကြိုက် အချိန်ယူရေးဆွဲထားသည့် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုကာ အပစ်ရပ်ထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(EROs)အား ၎င်းတို့၏ လက်အောက်ခံ ပြည်သူ့စစ်အဖွဲ့အဖြစ်လည်းကောင်း၊ နယ်ခြားစောင့်တပ်(BGF)အဖြစ်လည်းကောင်း အသွင်ပြောင်းလဲဖွဲ့စည်းရန် ဖိအားပေးရာက KIO/KIA နှင့် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၂၀၁၁ ခုနှစ်က စတင်ခဲ့သည့် ရွေးကောက်ခံ အစိုးရနှစ်ရပ်စလုံးသည်လည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရသာ လုပ်ကိုင်ဆောင်ရွက်ရသည့်အတွက် ထိုကာလများအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ဖြစ်တည်မှုကို ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သည့် စစ်အုပ်စုကသာ ချုပ်ကိုင်ထားသည်ဟု ဆိုရပါလိမ့်မည်။

"သူတို့ပြောနေတာ ရှင်းနေတာပဲ။ မင်းတို့ငြိမ်းချမ်းရေးလုပ်ရင် ဒီအစိုးရကို မတိုက်ရဘူး။ တခြားအစိုးရနဲ့ အစားမထိုးရဘူး။ နောက်ဆုံး ငြိမ်းချမ်းရေးဆွေးနွေးဖြစ်စဉ်အပေါ်မှာတော့ ဘယ်မူဝါဒနဲ့သွားသလဲဆိုတော့ ၂၀၀၈ ဖွဲ့စည်းပုံအပေါ်မှာပဲ သွားမှာပဲ။ ဒါက သူ့ရဲ့ ဖော်ပြချက်က ရှင်းနေတာပါပဲ။ ဆိုလိုတာက ဒီ ၂၀၀၈က စစ်အာဏာရှင် သက်ဆိုးရှည်အဖို့အတွက်ဖြစ်နေတာပဲလေ"ဟု KNU ပြောခွင့်ရသူ ပဒိုစောတောနီးက ထောက်ပြပါသည်။ [37]

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ရွေးကောက်ခံအစိုးရအဖွဲ့အတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအပါအဝင် ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနဆိုသည့် အဓိကကျသော ဌာနကြီး (၃)ခုကို စစ်တပ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ထိန်းချုပ်ခွင့်ပြုထားသည်။ ရွေးကောက်ခံကိုယ်စားလှယ်များသာ ရှိအပ်သော လွှတ်တော်သုံးရပ်စလုံးတွင် စစ်တပ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းကို ခွင့်ပြုထားရသည်။ ထို့ပြင် စစ်အုပ်စုသည် ၎င်းတို့ကိုယ်တိုင်စိတ်တိုင်းကျ ရေးဆွဲပြဋ္ဌာန်းထားသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခု စီတိုင်းကို လိုသလို အဓိပ္ပါယ်ကောက်ယူ အသုံးချလေ့ရှိသည်ကို တွေ့ရသည်။

"နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ ကွပ်

---

[37] Interviews (6) ကရင်အမျိုးသားအစည်းအရုံး ပြောခွင့်ရသူ ပဒိုစောတောနီးနှင့် စာတမ်းအတွက် အမေးအဖြေ ၊ BNI - MPM

ကဲမှုအောက်တွင် ရှိရမည်" ဟူသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၈ ကို ကိုးကားကာ တစ်ခုတည်းသော တပ်မတော်ထားရှိရေးအတွက် စစ်အုပ်စုမှ ဟစ်ကြွေးရပ်တည်နေခဲ့သည့်တိုင် နှစ် (၇၀)ကျော်အတွင်း တန်းတူညီမျှရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် ရပ်တည်ကာ ခုခံတော်လှန်တိုက်ပွဲဝင်နေကြသော ERO များ၏ အခန်းကဏ္ဍကိုမူ ၎င်းတို့လက်အောက်ခံအဖြစ်သာ ထားရှိလိုသော စိတ်ဆန္ဒမျိုးကို မကြာခဏ ပြသလေ့ရှိပါသည်။

"အဓိက ရှေ့မတိုးနိုင်တာက တပ်မတော်ဘက်က ၂၀၀၈ ဖွဲ့စည်းပုံကို ကိုင်ထားတယ်၊ နောက်တပ်ဖက်မှာလည်း အာဏာကို မစွန့်လွှတ်ချင်ဘူး၊ နောက်တစ်ခုရှိသေးတာက တပ်မတော်ရဲ့ ငြိမ်းချမ်းရေးမူ ၆ ရပ် ဆိုပြီးတော့ သူတို့ ချမှတ်ထားတယ်။ သဘောကတော့ လွှတ်တော်ထဲကနေပဲ ဥပဒေကို ပြင်ဆင်သွားမယ့်ပုံစံမျိုးနဲ့ ချုပ်ကိုင်ထားတယ်" ဟု မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ဟံသာက ရှုမြင်ပြီး NLD အစိုးရလက်ထက်၊ ငြိမ်းချမ်းလုပ်ငန်းစဉ်အတွင်း တစ်ဆို့မှုအားလုံးသည် ထိုအချက်များပေါ်တွင်သာ မူတည်နေခဲ့သည်ဟု ဆိုပါသည်။[38]

ဖက်ဒရယ်ဥပဒေအကယ်ဒမီ၏ ကျောင်းအုပ်လည်းဖြစ်၊ ဥပဒေအထောက်အကူပြုကွန်ယက်(LAN)တည်ထောင်သူလည်း ဖြစ်သူ လူ့အခွင့်အရေးရှေ့နေ ဦးအောင်ထူးကတော့ "အပစ်ရပ်စာချုပ် NCA သည် တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ရုပ်သိမ်းမည့် နိုင်ငံရေးထောင်ချောက်" ဟု သုံးနှုန်းသတိပေးခဲ့ပါသည်။ "NCA သည် စစ်အာဏာရှင်စနစ်ကို ဖော်ဆောင်ထားသော ၂၀၀၈ ဖွဲ့စည်းပုံဘောင်းအတွင်းတွင်သာ ဝဲလည်စေသဖြင့် ငြိမ်းချမ်းရေးသချိုင်းဖြစ်နေသည်" [39] ဟု တင်စားထားပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အမြင့်ဆုံးအစည်းအဝေးဖြစ်သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစုပင်လုံအစည်းအဝေးများမှ ထွက်ပေါ်လာသော ဆုံးဖြတ်ချက်များ၊ သဘောတူညီမှုများကိုပင် ဖွဲ့စည်းပုံအခြေခံ ဥပဒေအတွင်း ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်လိုပါက ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၄၃၆ အရသာ လုပ်ဆောင်နိုင်မည်ဖြစ်ပြီး စစ်တပ်၏ နိုင်ငံရေးတွင် ပါဝင်မှုကို တရားဝင်စေခဲ့ပါသည်။

လက်ရှိဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သော အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့၏ နောက်ဆုံးခံတပ်သဖွယ် ဖက်တွယ်ထားသည့် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်ပြီး စစ်အာဏာသိမ်းခဲ့သည့်တိုင် ၎င်းတို့ကိုယ်တိုင်ဦးဆောင်ပြီး NCA စာချုပ်ကို ပြန်လည်အသက်သွင်းနေသည်ကို တွေ့ရပါသည်။ ယင်းသို့ NCA ကို ဆက်လက်စွဲကိုင်ထားခြင်းသည်ပင် နိုင်ငံတကာမျက်နှာစာတွင် ငြိမ်းချမ်းရေး လိုလားသူများအဖြစ်

---

[38] မွန်ပြည်သစ်ပါတီ ဥက္ကဋ္ဌ နိုင်ဟံသာနှင့် တွေ့ဆုံမေးမြန်းခြင်း၊ BNI-MPM https://bit.ly/3HbLdi0

[39] ငြိမ်းချမ်းရေးစစ်တမ်း ၊ လူ့အခွင့်အရေးရှေ့နေ ဦးအောင်ထူး ၊ စာမျက်နှာ - ၁၆၂

ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်လုပ်ဆောင်နေခြင်းဖြစ်နိုင်ကြောင်း ကရင်နီပြည် အတိုင်ပင်ခံကောင်စီ အဖွဲ့ဝင် မဖူးပဒုမ္မာက ရှုမြင်ပါသည်။

"သူတို့အနေနဲ့ နိုင်ငံတကာမှာ ငြိမ်းချမ်းရေးကို လိုလားပါတယ်၊ ငြိမ်းချမ်းရေးကို သူတို့ အဓိက ထားပါတယ်ဆိုတဲ့ဟာမျိုးကိုလည်း သူတို့ ပြချင်တာမျိုးလည်း ဖြစ်နိုင်တယ်။ တစ်ဖက်မှာ အကြမ်းဖက်မှုတွေ ဘယ်လောက်ပဲ ကျူးလွန်နေပါစေ။ သူတို့အဲ့လိုမျိုးလုပ်နေတာက ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကို အသုံးချပြီးတော့ သူတို့အာဏာတည်မြဲဖို့အတွက်ကိုပဲ လုပ်ဆောင်နေတယ်လို့ ကျမမြင်တယ်"။ [40]

နိုင်ငံရေးလေ့လာသုံးသပ်သူ ဦးသန်းစိုးနိုင်ကတော့ စစ်အာဏာသိမ်းကာလအတွင်း စစ်အုပ်စု၏ ပြုမူလုပ်ဆောင် ချက်များကို လေ့လာကြည့်ပါက ၎င်းတို့၏ စစ်အာဏာရှင်စနစ် အုပ်စိုးမှုကို အမြစ်ရှည်ရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုအသုံးချ လုပ်ဆောင်နေကြောင်း ပိုမိုမြင်သာစေခဲ့သည်ဟု ဆိုပါသည်။

"အဓိကထောက်ပြစရာအချက်ကတော့ NUG(အမျိုးသားညီညွတ်ရေးအစိုးရ) နဲ့ PDF (ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့) တွေ၊ နောက် ERO တချို့ကို အကြမ်းဖက်အဖွဲ့အစည်းလို့ ဆိုပြီးတော့ သူတို့(စစ်ကောင်စီ)က စစ်ရေးအရ အကြမ်းဖက်မှုတွေမျိုးစုံလုပ်နေတာဟာ အတော်ထင်ရှားတဲ့ကိစ္စပါ။ ဘာဖြစ်လို့ ဒီအဖွဲ့တွေနဲ့ မဆွေးနွေးဘဲ၊ ဘာဖြစ်လို့ အကြမ်းဖက်အဖွဲ့လို့ သတ်မှတ်ပြီးတော့ အကြမ်းဖက်မှုနည်းမျိုးစုံကို စစ်ကောင်စီက ကျင့်သုံးနေတာလဲ။ ဒီအင်အားစုတွေဟာ တစ်အချက်က ဖေဖော်ဝါရီ ၁ ရက်နေ့ အာဏာသိမ်းပွဲကို အခြေခံဥပဒေနဲ့မကိုက်ညီတဲ့ စစ်အာဏာသိမ်းမှုအဖြစ် ယူဆထားတဲ့အတွက် စစ်ကောင်စီရဲ့အကြမ်းဖက်မှုလုပ်ငန်းတွေကို တန်ပြန်လုပ်ဆောင်နေတဲ့ လုပ်ငန်းစဉ်သာဖြစ်ပါတယ်"။ [41]


ယင်းသို့သော အာဏာသိမ်းစစ်အုပ်စု၏ လုပ်ဆောင်ချက်များသည် စစ်မှန်သည့် ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် အတားအဆီးများ ဖြစ်စေပြီး ဒီမိုကရေစီအရေးလုပ်ငန်းများ အကောင်အထည်မဖော်နိုင်စေရန် ကြိုးပမ်းနေခြင်းသာဖြစ်ကြောင်း ဦးသန်းစိုးနိုင်က ရှုမြင်ပါသည်။ "စစ်တပ်က ရာသက်ပန် ဗမာပြည်ကို စိုးမိုးအုပ်ချုပ်သွားဖို့အတွက် စစ်အာဏာသိမ်းပွဲကို ဆင်နွှဲလိုက်တာဖြစ်ပါတယ်။ ဒါဟာ အကြီးမားဆုံး သက်သေပါပဲ"။ [42]

---

[40] Interviews (2) ကရင်နီပြည်အတိုင်ပင်ခံကောင်စီ(KSCC) အဖွဲ့ဝင် မဖူးပဒုမ္မာနှင့် စာတမ်းအတွက် အမေးအဖြေ ၊ BNI – MPM

[41] Interviews (10) နိုင်ငံရေးလေ့လာသုံးသပ်သပ်သူ ဆရာသန်းစိုးနိုင်နှင့် စာတမ်းအတွက် အမေးအဖြေ၊ BNI-MPM

[42] Interviews (10) နိုင်ငံရေးလေ့လာသုံးသပ်သပ်သူ ဆရာသန်းစိုးနိုင်နှင့် စာတမ်းအတွက် အမေးအဖြေ၊ BNI-MPM




စစ်အာဏာရှင်စနစ် အဓွန့်ရှည်စေရေးအတွက် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော စစ်အုပ်စု၏ နည်းလမ်းမျိုးစုံ အနက် အထက်ပါသရုပ်ဖော်မှုသည် ခေတ်အဆက်ဆက်မြင်တွေ့ခဲ့ရသော စစ်အုပ်စု၏ လုပ်ဆောင်ချက်အချို့ကို ရေးခြစ်ထားခြင်းဖြစ်သည်။

ချုပ်၍ဆိုရသော် စစ်အုပ်စုသည် ၎င်းတို့ကိုယ်တိုင် ပြည်တွင်းစစ်ကို ဖန်းတီးဖော်ဆောင်နိုင်သကဲ့သို့ စစ်ပမ်းချိန်တွင်လည်း အပစ်အခတ်ရပ်စဲရေးကို အရှက်တရားမရှိဘဲ အရေးဆိုလေ့ရှိသည်။ အလားတူ နိုင်ငံရေး၊ စီးပွားရေးအရ အကြပ်အတည်းကြုံတွေ့ရချိန်များတွင်လည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကဲ့သို့ ပြဌာန်းကာ ရွေးကောက်ပွဲများ ပြုလုပ်ပြီး ထွက်ပေါက်ရှာပြုပြင်ပြောင်းလဲတတ်ပါသည်။ ထို့နောက် ငြိမ်းချမ်းရေးဟစ်ကြွေးကာ ၎င်းတို့၏ ဟန်ပြ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို ပြည်တွင်း ပြည်ပအသိအမှတ်ပြုမှု ရရှိစေရေးအတွက် အရှိန်မြှင့်လုပ်ဆောင်ပြပါသည်။ သို့သော် အဆိုပါပြုပြင်ပြောင်းလဲရေးအရှိန်သည် ၎င်းတို့၏ ရပ်တည်မှု၊ အာဏာနှင့် အကျိုးစီးပွားကို ထိပါးလာနိုင်ပါက ၁၉၆၂ ခုနှစ်၊ ၁၉၈၈ ခုနှစ်များကဲ့သို့ အဓမ္မအာဏာသိမ်းယူလေ့ ရှိသည်ကို ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုက သက်သေပြလျက်ရှိပါသည်။

ယခုအခါ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပင် ပြင်သင့်ပြင်ထိုက်သည်ကို ပြင်ဆင်မည်ဟု အာဏာသိမ်းစစ်ခေါင်း ဆောင်က ထပ်မံကြွေးကြော်ပြီး ERO များကို ငြိမ်းချမ်းရေး

ဆွေးနွေးရန် ဖိတ်ခေါ်လျက်ရှိပါသည်။ ၂၀၂၃ ခုနှစ်တွင် ရွေးကောက်ပွဲ ကျင်းပမည်ဟု လျာထားသည်။ နောက်ထပ် ထွက်ပေါက်ရှာပြုပြင်ပြောင်းလဲရေး ခြေလှမ်းများ ပြင်ဆင်လျက် ရှိသည်။ အဆိုပါပြုပြင်ပြောင်းလဲအရှိန်သည်လည်း ၎င်းတို့၏ ရပ်တည်မှု၊ အာဏာနှင့် အကျိုးစီးပွားကို ထိပါးလာနိုင်ပါက နောက်ထပ်တစ်ကြိမ် စစ်အာဏာမသိမ်းနိုင်ဟု အာမခံချက်ရှိမည်မဟုတ်ပေ။

"သူတို့ အခုခေါ်တဲ့ ငြိမ်းချမ်းရေးက သူတို့ရဲ့ အခုလတ်တလော ကြုံတွေ့နေရတဲ့ အခက်အခဲတွေ ကျော်လွှားနိုင်ဖို့ နောက်ပြီးတော့မှ သူတို့ စစ်အုပ်ချုပ်ရေးကို ရေရှည်သွားနိုင်ဖို့အတွက် သူတို့လုပ်နေခြင်းသာ ဖြစ်တယ်" ဟု KNPP အတွင်းရေးမှူး (၁) ခူဒယ်နီယာက ရှုမြင်ထားပါသည်။ [43]

## ငြိမ်းချမ်းရေးအတွက် စစ်အုပ်စုကို ဖယ်ထုတ်ထားနိုင်သလား

နှစ်ပေါင်း ၇၀ ကျော်ကြာ အမြစ်တွယ်တောက်လောင်နေဆဲဖြစ်သော ပြည်တွင်းစစ်၏ အဓိကဇာတ်ကောင် စစ်အုပ်စုကို ပဋိပက္ခများချုပ်ငြိမ်းစေရေးအတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်ရာတွင် ဖယ်ထုတ်ထားနိုင်သလားဆိုသည်က ငြင်းခုံစဖွယ်အမေးတစ်ခု ဖြစ်ပါသည်။ သို့နှင့်တိုင် စာရေးဆရာမောင်စူးစမ်း၏ အသုံးအနှုန်းအရ "အာဏာရအဖွဲ့အစည်းက စပွန်ဆာလုပ်ပေး၍ ဒီမိုကရေစီဖြစ်ထွန်းစေသောနည်း" [44] သည် ၂၀၂၁ ခုနှစ်ဖေဖော်ဝါရီ ၁ ရက်၊ စစ်အာဏာသိမ်းမှုဖြင့် အဆုံးသတ်ခဲ့ပြီဖြစ်သည်။ အာဏာရအဖွဲ့အစည်းဖြစ်ခဲ့သော စစ်အုပ်စုသည် ရွေးကောက်ပွဲနည်းလမ်းဖြင့် ၎င်းတို့၏ နိုင်ငံရေးတွင် ပါဝင်မှုကို အထိုင်ချွေ့ကာ ပြုပြင်ပြောင်းလဲရေး၊ ဒီမိုကရေစီအရေးနှင့် ငြိမ်းချမ်းရေးစသည့် စကားလုံးများကို ဟစ်ကြွေးလုပ်ဆောင်ခဲ့သော ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း စစ်အုပ်စု၏ စပွန်ဆာဒီမိုကရေစီသည် ၂၀၀၈ ဖွဲ့စည်းပုံပြင်ဆင်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးစသော အရွေ့အရှိန်များကြောင့်ပင် အဆုံးသတ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုရပါမည်။

ထို့ကြောင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် စစ်အုပ်စုမှ စပွန်ဆာပြုလုပ်နေသော တွေ့ဆုံဆွေးနွေးပွဲများသည် စစ်အုပ်စုကိုသာ ဗဟိုပြုစဉ်းစားခြင်းနှင့်အတူ ၎င်းတို့ကိုယ်

[43] Interview (4) ကရင်နီအမျိုးသားတိုးတက်ရေးပါတီ အတွင်းရေးမှူး (၁) ခူဒယ်နီယာယ်နှင့် စာတမ်းအတွက် အမေးအဖြေ၊ BNI-MPM

[44] ရွေးကောက်ပွဲနှင့် နိုင်ငံရေး၊ မောင်စူးစမ်း၊ စာမျက်နှာ ၁၈။

တိုင် ပြည်တွင်းစစ်၏ အဓိကဇာတ်ကောင်တစ်ခုဖြစ်နေခြင်းကြောင့် ဆွေးနွေးပွဲများအတွင်း အသာစီးရယူမှု၊ အထက်စီးမှ ဆက်ဆံမှု၊ ဆွေးနွေးဘက်မှများအပေါ် ခွဲခြားဆက်မှု၊ စစ်အုပ်စုသည်သာ "ထာဝရအမှန်"ဆိုသည့်ဘက်တွင် ရပ်ခံထားခြင်းတို့ကို မြင်တွေ့ခဲ့ရပါသည်။ ငြိမ်းချမ်းရေးမူဝါဒ (၆) ချက်ကို တစ်ပြားသားမျှ လျှော့မပေးဘဲ ၎င်းတို့ လိုချင်သော အရွေ့တစ်ခုဆီသို့သာ ဦးတည်လျှောက်လှမ်းဖို့ ဖိ အားပေးဆက်ဆံနေခြင်းသည်လည်း ငြိမ်းချမ်းရေးဆွေးနွေးနေချိန်အတွင်းပင် စစ်ပွဲများကို ဦးတည်စေခဲ့ပါသည်။

"ငြိမ်းချမ်းရေးအတွက် စစ်အုပ်စုကို ဖယ်ထုတ်ထားနိုင်သလား"ဆိုသည့် မေးခွန်းသည် စစ်အုပ်စုကိုသာ ဗဟိုပြုချဉ်း ကပ်နေကြသော လူပုဂ္ဂိုလ်၊ အစုအဖွဲ့များအတွက် အဖြေတစ်ခု ရှိမည်မဟုတ်သော်လည်း အာဏာရှင်စစ်အုပ်စုအား အမြစ်ပြုတ်ချေမှုန်းရေးအတွက် တာစူနေသော လူပုဂ္ဂိုလ်၊ အစုအဖွဲ့များအတွက် ဖွေရှာနေဆဲ ပုစ္ဆာတစ်ပုဒ်ဖြစ်နေပေလိမ့်မည်။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)မှ အတွင်းရေးမှူး (၁) ခူဒယ်နီယာကတော့ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရာတွင် စစ်အုပ်စုကို ဖယ်ထား၍ မရဟုဆိုနိုင်သော်လည်း စစ်အုပ်စုသည် ရွေးကောက်ခံအစိုးရ၏ စီမံခန့်ခွဲမှုအောက်၊ ရွေးကောက်ခံအစိုးရ၏ ညွှန်ကြားမှုအောက်တွင်သာ ရှိသင့်ပြီး နိုင်ငံရေးကဏ္ဍတွင် လုံးဝမရှိသင့်ဟု ဆိုပါသည်။

"ဖယ်ပါလို့ သူ့ကို ပြောစရာမလိုဘဲ သူ့သူ ငါတို့က အစိုးရဝန်ထမ်းပါလို့ ခံယူနားလည်ပြီးမှ သူ့သူ ထွက်သွားရမှာ ဖြစ်တယ်။ သူတို့တာဝန်က ဒီနိုင်ငံရေးမှာ ဝင်ပါစရာအကြောင်း မရှိဘူး။ သူတို့က တိုင်းပြည်ကာကွယ်ဖို့ တိုင်းပြည်ရဲ့ လုံခြုံရေးကို အဓိက တာဝန်ယူဖို့ပဲ တာဝန်ရှိတယ်။ အဲ့ဒီတော့ အစိုးရရဲ့ စီမံမှုအောက်မှာ အစိုးရရဲ့ policy အောက်မှာ ဝန်ထမ်း၊ ဌာနတစ်ခုအနေနဲ့ သွားရမှာ ဖြစ်တယ်။ သူတို့ကိုယ်တိုင်က ဖယ်ပါလို့ ပြောနေစရာမလိုဘဲ သူ့သူ သိရှိပြီးမှ ဘေးမှာဖယ်ရမယ့် အနေအထားမျိုးပဲ ဖြစ်ပါတယ်"။ [45]

ကရင်အမျိုးသားအစည်းအရုံး(KNU)မှ ပြောရေးဆိုခွင့်ရှိသူ ပဒိုစောတော်နီးကလည်း မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ်အပြင် မည်သည့်အာဏာရှင်စနစ်ကိုမဆို ဖယ်ရှားပစ်နိုင်မှသာလျှင် ရှေ့လာမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် အဆင်ချောမွေ့စေလိမ့်မည်ဟု ဆိုပါသည်။ "လာမယ့်ဆွေးနွေးပွဲမျိုးမှာ စစ်တပ်က လုံးဝမပါသင့်တော့ဘူး။ စစ်တပ်ကို ဖယ်ထုတ်ပြီးတော့မှ ကျနော်တို့ဆက်ပြီးတော့ ညှိရမယ့်လူမျိုးအပေါ်မှာ ညှိရမယ့်အပိုင်းတွေ အများကြီး ရှိသေးတယ် နိုင်ငံရေးအရ။ အဲ့ဒါကြောင့်မို့ ဒါကို မညှိခင်မှာ ပထမဦးဆုံးလုပ်ရမှာက စစ်တပ်ကို ဖယ်ရှားဖို့ပဲ"ဟု သူ က ဆိုပါသည်။ [46]

---

[45] Interviews (3) ကရင်နီအမျိုးသားတိုးတက်ရေးပါတီ ခူဒယ်နီယာယ်နှင့် စာတမ်းအတွက် အမေးအဖြေ၊ BNI-MPM

[46] Interviews (6) ကရင်အမျိုးသားအစည်းအရုံး ပြောခွင့်ရသူ ပဒိုစောတော်နီးနှင့် စာတမ်းအတွက် အမေးအဖြေ ၊ BNI - MPM

လက်ရှိခေတ်ကာလသည် ယခင်အခြေအနေများနှင့် မတူညီတော့ဘဲ စစ်ရေးလှုပ်ရှားမှုနှင့် နိုင်ငံရေးလှုပ်ရှားမှုတို့ ဟန်ချက်ညီစွာ၊ သင့်တင့်မျှတညီညွတ်စွာ စဉ်ဆက်မပြတ် ပြောင်းလဲဖြစ်ပေါ်နေသည့်အတွက် နိုင်ငံရေး၊ စစ်ရေးဦး ဆောင်မှုနိုင်နိုင်မာမာ ရှိပါက စစ်အုပ်စု(စစ်တပ်)ကို ငြိမ်းချမ်းရေးဖြစ်စဉ်ကနေ ဖယ်ထုတ်ထားဖို့ မျှော်လင့်နိုင်ကြောင်း ABSDF မှ ရဲဘော်မိဆူးပွင့်က ရှုမြင်ပါသည်။ "စစ်တပ်ကို စစ်ရေးအရ အနိုင်တိုက်နိုင်ရင် ငြိမ်းချမ်းရေး၊ နိုင်ငံရေးကနေ ဖယ်ထုတ်ထားလို့ ရပါတယ်"။ [47]

ယခုကာလကို ရှုကြည့်ပါက နွေဦးတော်လှန်ရေးအင်အားစုများဖက်တွင် စစ်အုပ်စု (စစ်တပ်)ပြုတ်မှ ဖက်ဒရယ်ဒီမိုကရေစီ အောင်မြင်မည်၊ နိုင်ငံရေးတွင် စစ်အုပ်စု (စစ်တပ်) မပါဝင်နိုင်မှ အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ အောင်မြင်မည်ဟု ရှုမြင်ကြောင်း ဒေါက်တာပညာမွန်က သုံးသပ်ပါသည်။ ထို့ပြင် စစ်အုပ်စုနှင့် ပူးပေါင်းပြီး ဖက်ဒရယ်ကို သွားလိုသည့် အစုအဖွဲ့အချို့လည်း ရှိနေပြန်သည်ဟု ဆိုပါသည်။

"စစ်တပ်က သူတို့လုပ်ချင်ရင် အများကြီးသူတို့ လုပ်လို့ရတယ်။ အခုလက်ရှိအာဏာက သူတို့လက်ထဲမှာကို၊ သူတို့ အများကြီးလုပ်လို့ ရတယ်။ အဲဒါ သူတို့ဆန္ဒပဲ"။ [48]

လက်ရှိစစ်အုပ်စုထံတွင် ငြိမ်းချမ်းရေးအတွက် လိုအပ်ပါက လုပ်ပေးမည်ဆိုသည့် မူဝါဒမျှသာ ဆွဲကိုင်ထားသည်ကို တွေ့ရပြီး ၎င်းတို့၏ လုပ်ပိုင်ခွင့်အာဏာကို ထိပါးစေသည်ဟု ထင်မြင်သည်နှင့် လက်မခံနိုင်သည့်သဘောဖြစ်နေကြောင်း ဗိုလ်မှူးကြီးခွန်ဥက္ကာက သုံးသပ်ပါသည်။ "သူကိုယ်တိုင်က ဆုတ်သွားချင်တဲ့ ဆန္ဒလည်းမရှိဘူး။ ဒီမိုကရေစီ ကျယ်ကျယ်ပြန့် ပြန့်ဖြစ်လာတာကိုလည်းမကြိုက်ဘူး။ ဖက်ဒရယ်စနစ် ကျယ်ကျယ်ပြန့်ပြန့် ပေါ်လာတာလည်း မကြိုက်ဘူး" ဟု လက်ရှိစစ်အုပ်စု၏ အခြေအနေကို ရှုမြင်ထားပါသည်။

နိုင်ငံရေးလေ့လာသုံးသပ်သူ ဆရာဦးသန်းစိုးနိုင်ကတော့ လက်ရှိသွားနေသည့် စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေး၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖျက်သိမ်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးဆိုသည့် လမ်းကြောင်းပေါ်တွင် ဆင်နွှဲနေသော နွေဦးတော်လှန်ရေးသည် အနာဂတ်တွင် စစ်အုပ်စုကို နိုင်ငံရေးရော၊ ငြိမ်းချမ်း ရေး အခန်းကဏ္ဍကပါ ဖယ်ထုတ်နိုင်ရေးအတွက် ဦးတည်နေကြောင်း သုံးသပ်ပါသည်။ "စစ်တပ် သက်ဆိုးမရှည်ရေး၊ စစ်တပ်ကို စစ်ရေးအရ ချေမှုန်းရေး တိုက်ခိုက်နေတဲ့အနေအထား ဖြစ်ပါတယ်။ အနာဂတ်ဗမာပြည်မှာ ဖက်ဒရယ်ဒီမိုကရေစီစနစ် ထူထောင်ချင်ရင် ဒီစစ်တပ်ရှိလို့

[47] Interviews (9) ၊ ABSDF ဗဟိုကော်မတီဝင် ရဲဘော်မိဆူးပွင့်နှင့် စာတမ်းအတွက် အမေးအဖြေ၊ BNI-MPM

[48] Interviews (1) တိုင်းရင်းသားအရေး လေ့လာသုံးသပ်သူ ဒေါက်တာပညာမွန်နှင့် စာတမ်းအတွက် အမေး အဖြေ ၊ BNI – MPM

မဖြစ်ပါဘူး။ ဒီစစ်တပ်ကို အနိုင်တိုက်နိုင်မှရမှာ ဖြစ်တဲ့အတွက် နွေဦးတော်လှန်ရေး ဆင်နွှဲနေတာ”ဟု သဘောပေါက်ထားကြောင်း သူက ပြောပါသည်။ [49]

ဆိုရသော် အနာဂတ်မြန်မာ့နိုင်ငံရေးယဉ်ကျေးမှုနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် စစ်အုပ်စုအား ဖယ်ထုတ်ထားမည်ဆိုသည့် စဉ်းစားချက်သည် လက်တွေ့မကျနိုင်ဟု ရှုမြင်ကြသော်လည်း အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သော စစ်အုပ်စု၏ နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ဦးဆောင်ပါဝင်နေခြင်းကိုမူ ပြန်လည်သုံးသပ်ကြရပေလိမ့်မည်။ စစ်အုပ်စုကိုယ်တိုင် ဦးဆောင်ကာ စပွန်ဆာလုပ်သော ငြိမ်းချမ်း ရေးဖြစ်စဉ်သည် မည်မျှအာမခံချက် ရှိနိုင်မလဲဆိုသည်က စစ်အုပ်စု၏ စပွန်ဆာ ဒီမိုကရေစီ နှင့် ချိန်ထိုးတွက်ဆရမည်မဟုတ်ပါလား။

## စစ်အာဏာသိမ်းကာလအတွင်း ငြိမ်းချမ်းရေးဆွေးနွေးမှုများ အလုပ်ဖြစ်နိုင်သလား

“ဟစ်တလာလည်း ငြိမ်းချမ်းရေးစကားကို မကြာခဏ ပြောခဲ့ဖူးသူတစ်ယောက်ဖြစ်သည်။ သို့သော် အမှန်တကယ် ငြိမ်းချမ်းရေးထက် သူ့ဆန္ဒအတိုင်း အညံ့ခံရန်ဆိုလိုခြင်းသာဖြစ်သည်။ အာဏာရှင်တို့ပါးစပ်က ထွက်လာသည့် ငြိမ်းချမ်းရေးဆိုသည်မှာ အခြားမဟုတ်။ အကျဉ်းထောင်၊ သုသာန်ထဲရှိ ငြိမ်းချမ်းရေးနှင့် ထူးမခြားနားပင်ဖြစ်သည်”။ အာဏာရှင်များသည် ၎င်းတို့အင်မ်းမရလိုလားသော တရားဝင်အစိုးရအဖြစ်ကို မရောက်ဘဲ အချိန်အကန့်အသတ်မရှိ ဆက်လက်ကြီးစိုးအုပ်ချုပ်၍ မရနိုင်ပေ။ ထို့ကြောင့် ငြိမ်းချမ်းရေးစကား ပြောဆိုပြီး အာဏာရှင်များအား တရားဝင် အစိုးရအဖြစ် ရောက်ရှိသွားစေရန် အားမပေးသင့်၊ မလုပ်ဆောင်သင့်ကြောင်း အကြမ်းမဖက်သော စစ်ပွဲများ၏ ခေါင်းဆောင်ဟု တင်စားခံရသူ၊ Albert Einstein Institution တည်ထောင်သူ ဒေါက်တာဂျင်ရှပ်က သူ့စာအုပ်တွင် သတိပေးထားပါသည်။ [50]


" စစ်အာဏာသိမ်းကာလအတွင်း ငြိမ်းချမ်းရေးဆွေးနွေးမှုတွေက အလုပ်ဖြစ်မယ်လို့ ထင်သလား " ဟု ယခုစာတမ်းတွင် မေးခွန်းထုတ်ခဲ့ပါသည်။ မေးမြန်းခဲ့သူ ၁၁ ဦးအနက် ၁၀ ဦးသည် အလုပ်မဖြစ်နိုင်ဟု ရှုမြင်သုံးသပ်ကြပါသည်။

---

[49] Interviews (10) နိုင်ငံရေးလေ့လာသုံးသပ်သူ ဆရာသန်းစိုးနိုင်နှင့် စာတမ်းအတွက် အမေးအဖြေ၊ BNI-MPM

[50] အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ ၊ Gene Sharp၊ စာမျက်နှာ - ၁၅

“စစ်အာဏာသိမ်းကာလအတွင်း ငြိမ်းချမ်းရေးဆွေးနွေးမှုတွေ အလုပ်ဖြစ်မယ်ထင်သလား” အတွက် အဖြေများ




“ဆွေးနွေးနေတယ်ဆိုတာက ရန်ဖြစ်နေတာထက်စာရင် ပိုကောင်းတယ်လို့ အမြင်နဲ့ပါ၊ ဘာတိုးတက်မှုမှတော့ မရှိဘူးပေါ့” ဟု ပအိုဝ်းတိုင်းရင်းခေါင်းဆောင်လည်းဖြစ်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) ဦးဆောင်မှု ကော်မတီအဖွဲ့ဝင်လည်းဖြစ်သူ ဗိုလ်မှူးကြီး ခွန်ဥက္ကာက ပြောပါသည်။ ၎င်းကိုယ်တိုင် နာယကအဖြစ်ပါဝင်သည့် ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ (PNLO)သည် အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တွေ့ဆုံဆွေးနွေးမှုများ ရှိခဲ့ပါသည်။

၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်နေ့၊ အာဏာသိမ်းစစ်ခေါင်းဆောင်၏ ငြိမ်းချမ်းရေး ဆွေးနွေးရန် ဖိတ်ခေါ်မှုကို လက်ခံကာ သွားရောက်တွေ့ဆုံခဲ့သည့်ဘက်တွင် ဝ ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP/UWSA)၊ မိုင်းလားအဖွဲ့ (NDAA/ ESS)၊ သျှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA)၊ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA)၊ မွန်ပြည်သစ်ပါတီ (NMSP)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNLO)၊ ကရင်ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC)၊ ဒီမိုကရေစီအကျိုးပြု ကရင့်တပ်မတော် (DKBA)၊ ရခိုင်အမျိုးသားလွတ်မြောက်ရေးပါတီ(ALP/ALA) နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU)စုစုပေါင်း ၁၀ ဖွဲ့ ရပ်တည်ခဲ့ကြသည်။ အကြောင်းပြချက်ကိုယ်စီဖြင့်စစ်ခေါင်းဆောင်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုကို ငြင်းပယ်ခဲ့သည့်ဘက်တွင်မူ ကရင်အမျိုးသားအစည်းရုံး (KNU/ KNLA)၊ ကချင်လွတ်လပ်မြောက်အဖွဲ့(KIO/KIA)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ

(KNPP/KA)၊ ချင်းအမျိုး သားတပ်ဦး (CNF/CNA)၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်ဦး (PSLF/TNLA)၊ ကိုးကန့်တပ်ဖွဲ့(MNDAA)၊ ရက္ခိုင့်တပ်တော်(ULA/AA)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) စုစုပေါင်း ၈ ဖွဲ့ရှိခဲ့သည်။ တွေ့ဆုံဆွေးနွေးရေးအတွက် လူသိရှင်ကြားငြင်းပယ်ခြင်းမရှိဘဲ အာဏာသိမ်းစစ်ခေါင်းဆောင်နှင့် တွေ့ဆုံဆွေးနွေးခြင်းမရှိသည့် ERO များအဖြစ် ရခိုင်ပြည် အမျိုးသားကောင်စီ (ANC/AA) နှင့် နာဂအမျိုးသားဆိုရှယ်လစ် ကောင်စီ(ကပ်ပလန်)(NSCN-K) တို့ကို တွေ့ရပါသည်။ [51]

ကရင်အမျိုးသားအစည်းအရုံး(KNU) ပြောရေးဆိုခွင့်ရသူ ပဒိုစောတောနီးကတော့ ERO (၁၀)ဖွဲ့အနက် တစ်ဖွဲ့ချင်းစီဖြင့် အလှည့်ကျဆွေးနွေးနေသည့် အာဏာသိမ်းစစ်ခေါင်းဆောင်၏ ဆွေးနွေးပွဲကို "ကောက်ရိုးတစ်မျှင်စာ ငြိမ်းချမ်းရေးဆွေးနွေးပွဲ"ဟု သမုတ်ပါသည်။ "တကယ့်စိတ်ရင်းစေတနာအမှန်နဲ့ မဟုတ်ဘူး။ သူတို့ တကယ်ကြုံတွေ့နေရတဲ့ အကြပ်အတည်းတွေကို ထွက်ပေါက်ရအောင်ဆိုပြီးတော့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ခေါ်တယ်။ ငြိမ်းချမ်းရေးတွေ လုပ်ပြတယ်။ နောက်ပြီးတော့ လုံးဝမဖြစ်နိုင်တဲ့ ရွေးကောက်ပွဲဆိုတာကိုလည်း အတင်းအကြပ်လုပ်တော့မယ်။ ဒါတွေက တိုင်းပြည်အတွက် ဘာမှ ကောင်းကျိုးပေးမှာလည်း မဟုတ်ပါဘူး"ဟု သူက ဆိုပါသည်။ [52]

နိုင်ငံရေးလေ့လာသုံးသပ်သူ ဦးသန်းစိုးနိုင်ကလည်း "ဒီနေ့စစ်ကောင်စီက ဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးလှုပ်ရှားမှုဆိုတာဟာ လက်ရှိဖြစ်နေတဲ့ ဗမာပြည်ပဋိပက္ခနဲ့ ဘာမှမဆိုင်ဘူး။ ဘာမှမဟုတ်တဲ့ ဘာမှမဖြေရှင်းနိုင်တဲ့ ဆွေးနွေးပွဲတွေသာဖြစ်တယ်" ဟု ကောက်ချက်ချပါသည်။ စစ်အာဏာသိမ်းမှုကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရင်ဆိုင်ကြုံတွေ့နေရသော နွေဦးတော်လှန်ရေးအင်အားစုများဘက်သို့ ERO များ ရောက်ရှိမသွားစေရန်နှင့် နိုင်ငံတကာမျက်နှာစာတွင် ဖိအားတစ်စုံတစ်ရာလျော့ကျစေနိုင်ရေးအတွက်သာ ဟန်ပြလုပ်ဆောင်နေသော ငြိမ်းချမ်းရေး ဖိတ်ခေါ်ကမ်းလှမ်းချက်မျိုးဖြစ်သည်ဟု သူက ဆိုပါသည်။


စစ်အာဏာသိမ်းကာလ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်အထိ BNI-Myanmar Peace Monitor ၏ မှတ်တမ်းအရ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (ERO)များ၊ မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF/LDF) များနှင့် စစ်ကောင်စီတပ် အကြား တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၂၀၃၉ ရက်အထိ ရှိခဲ့သည်။ အာဏာသိမ်းစ

---

[51] စစ်အာဏာသိမ်းမှု အောင်မြင်ရေးအတွက် ငြိမ်းချမ်းရေးကို လိမ်ညာအသုံးချနေသလား၊ အပတ်စဉ်သတင်းသုံးသပ်ချက်၊ အမှတ်-၆၉၊ BNI-MPM

[52] Interviews (6) ကရင်အမျိုးသားအစည်းအရုံး ပြောခွင့်ရသူ ပဒိုစောတောနီးနှင့် စာတမ်းအတွက် အမေးအဖြေ ၊ BNI - MPM

စ်ခေါင်း ဆောင်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည့် ERO(၁၀)ဖွဲ့တွင် SSPP/SSA၊ RCSS/SSA နှင့် DKBA တို့သာ စစ်အာဏာသိမ်းကာလအတွင်း စစ်အုပ်စုနှင့် တိုက်ပွဲအချို့ရှိခဲ့ပြီး KNU/KNLA ၊ KIO/KIA၊ ULA/AA နှင့် MNDAA စသော ERO များနှင့် စစ်အုပ်စုအကြား တိုက်ပွဲဖြစ်ပွားသည့် ရက်ပေါင်း ရာနှင့်ချီ ဖြစ်ပွားခဲ့သည်ကို တွေ့ရပါသည်။ [53]




ထို့အပြင် စစ်အာဏာသိမ်းမှုကြောင့် ပေါ်ထွက်လာသော မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF/LDF)များနှင့် စစ်အုပ်စုအကြား တိုက်ပွဲဖြစ်ရက်ပေါင်းသည် ၁၄၀၀ ကျော်အထိ ရှိလာခဲ့ပြီဖြစ်ပြီး ခုခံတော်လှန်စစ်အရှိန်သည် ဆက်လက်မြင့်တက်နေဆဲဟု ဆိုရပါမည်။ သို့သော် အာဏာသိမ်းစစ်အုပ်စုသည် PDF/LDF အပါအဝင် နွေဦးတော်လှန်ရေး အင်အားစုများအား တွေ့ဆုံဆွေးနွေးမည့် အလားအလာမျိုး မမြင်တွေ့ရသေးဘဲ PDF/LDF အပါအဝင် နွေဦးတော်လှန်ရေးအင်အားစုများနှင့် ERO များပေါင်းစည်းမှုကိုသာ ဖြိုဖျက်နိုင်ရေးကြိုးပမ်းနေသည်ကို တွေ့ရပါသည်။

စစ်အုပ်စုသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို စွဲကိုင်ထားဆဲဖြစ်သည်။ လွှတ်တော် (၃) ရပ်အတွင်း ၂၅ ရာခိုင်နှုန်းကို ဖက်တွယ်ထားဆဲဖြစ်သည်။ ထို့အပြင် အုပ်ချုပ်ရေးကဏ္ဍရှိ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာနှင့် ကာကွယ်ရေးဟူသော ကဏ္ဍများတွင် ၎င်းတို့စိတ်ကြိုက်ခန့်အပ်ကိုင်တွယ်ခွင့် ရရှိနေသည်။ သို့နှင့်တိုင် စစ်အာဏာသိမ်းမှုကို

[53] Main Dataset, BNI-Myanmar Peace Monitor, 16 December 2022

အဓမ္မကြိုးပမ်းနေပြီး အားလုံးမပါဝင်သော ငြိမ်းချမ်းရေးဖိတ်ခေါ်မှုကို ပြုလုပ်ကာ ERO တစ်ဖွဲ့ချင်းစီဖြင့် တွေ့ဆုံပြီး ဆွေးနွေးနေခြင်းသည် ငြိမ်းချမ်းရေးအတွက် "မလုပ်မဖြစ်ဘူး" ဟု ဒေါက်တာပညာမွန်က သုံးသပ်ပါသည်။

"ကျွန်တော်တို့ သွားချင်တဲ့ ငြိမ်းချမ်းရေးလမ်းကြောင်းက ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံကို ထူထောင်ဖို့၊ ခု SAC သွားနေတဲ့ လမ်းကြောင်းက ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံကို ထူထောင်ဖို့ မရောက်နိုင်ဘူး။ ဘာလို့မရောက်နိုင်ဘူးလဲဆိုတော့ သူတို့က ၂၀၀၈ ဖွဲ့စည်းပုံကို ပြင်တာကို အကုန်လုံး သူတို့မပြင်ဘူး။ ကျွန်တော်ထင်တာက သူတို့အတွက် သင့်တော်သလောက်ပဲ သူတို့ပြင်မယ်" ။ [54]

အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်တိုင်ကလည်း ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် ပြုလုပ်သော စစ်ကောင်စီအစည်းအဝေးတွင် "ဖက်ဒရယ်အရေးပေးဖို့ဆိုတာမှာ ..ဖြစ်သင့်ဖြစ်ထိုက်တဲ့ ဖက်ဒရယ်အခွင့်အရေးကိုသာ ပေးအပ်မယ်"ဟု ပြောဆိုခဲ့ပါသည်။ ထို့အပြင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် NCA ကို မျက်ကွယ်ပြု၍မရကြောင်း ၎င်းက ထပ်လောင်းပြောဆိုခဲ့ပါသည်။ [55]

၂၀၂၂ ခုနှစ် ဩဂုတ်လ ၂၂ ရက်ကလည်း NCA လက်မှတ်ရေးထိုးထားသော ERO များအနေဖြင့် လက်နက်ကို ဆက်လက်ကိုင်စွဲလိုပါက ၎င်းတို့၏ လက်အောက်ခံ နယ်ခြားစောင့်တပ်(BGF)များတွင် တာဝန်ထမ်းဆောင်ခွင့်ပေးမည်ဟု အာဏာသိမ်းစစ်ခေါင်းဆောင်က ပြောဆိုခဲ့ပါသေးသည်။ [56]

ဆိုရသော် တိုင်းပြည်အာဏာကို အဓမ္မရယူရန် ကြိုးပမ်းနေသည့် အာဏာသိမ်းစစ်ခေါင်းဆောင်နှင့် အပေါင်းအပါများ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ဆွေးနွေးနေမှုများသည် ဟန်ပြလုပ်ဆောင်ချက်ထက် မပိုနိုင်ဘဲ ERO တစ်ဖွဲ့ချင်းစီနှင့် ၎င်းတို့စစ်အုပ်စုအကြား သဘောတူညီချက်များ၊ ကတိကဝတ်များသည်ပင် မည်မျှအာမခံချက်ရှိနိုင်မလဲဆိုသည်က မေးခွန်းထုတ်ဖွယ် ဖြစ်နေပါသည်။ ထိုထက်ပိုသည်က စစ်အာဏာရှင်စနစ် အဓွန့်ရှည်ရေးအတွက် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို လက်နက်ကိရိယာသဖွယ်အသုံးချနေသော စစ်အုပ်စုနှင့် ဆွေးနွေးဖက်အဖြစ် လိုက်ပါဖြည့်ဆည်းနေခြင်းသည်လည်း အသုံးချခံသက်သက် ဖြစ်မသွားစေရန် အထူးသတိပြုရပေလိမ့်မည်။

---

[54] Interviews (7) တိုင်းရင်းသားအရေးလေ့လာသုံးသပ်သူ ဒေါက်တာပညာမွန်နှင့် စာတမ်းအတွက် အမေးအဖြေ၊ BNI- MPM

[55] ဖြစ်သင့်ဖြစ်ထိုက်တဲ့ ဖက်ဒရယ်စနစ်ပဲ ပေးမယ်လို့ အာဏာသိမ်းစစ်ခေါင်းဆောင်ပြော၊ ၂၈ စက်တင်ဘာ ၂၀၂၂၊ RFA https://bit.ly/3Wbjt1t

[56] EAO တွေ လက်နက်ကိုင်ချင်ရင် BGF အဖြစ် ပူးပေါင်းနိုင်တယ်လို့ စစ်ခေါင်းဆောင်ပြော၊ ၈ စက်တင်ဘာ ၂၀၂၂၊ RFA https://bit.ly/3v4Cg2S

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ယနေ့အထိ လပေါင်း ၂၂ လကြာသည့်အထိ စစ်အာဏာသိမ်းရန် အကြမ်းဖက်နည်းမျိုးစုံဖြင့် ကြိုးပမ်းနေသော စစ်အုပ်စုထံတွင် အမှန်တကယ် ငြိမ်းချမ်းရေး ရနိုင်၊ မရနိုင်ဆိုသည်က ဆင်ခြင်သုံးသပ်ရမည့် အခြေအနေဖြစ်ပါသည်။ ထို့အပြင် ၎င်းစစ်အုပ်စုနှင့် ဘာကြောင့်ဆွေးနွေးဖက် ဖြစ်နေရသလဲဆိုသည်ကလည်း တွေးဆဖွယ်ရာ ဖြစ်လာပေတော့သည်။

## ဘာကြောင့် စစ်အုပ်စုနှင့် တွေ့ဆုံဆွေးနွေးနေကြသနည်း

စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှကို ဆန့်ကျင်တိုက်ပွဲဝင်နေကြသည့်တိုင် စေ့စပ်ဆွေးနွေးရေးနည်းလမ်းကို သဘောကျသွားသူများသည် သဘောရိုးတော့ ရှိနေတတ်ပါသည်။ အထူးသဖြင့် ရက်စက်ကြမ်းကြုတ်လှသော အာဏာရှင်အစိုးရများကို နှစ်ရှည်လများ တိုက်ခိုက်ခဲ့ပြီး အောင်မြင်မှုမရခဲ့သည့်အခါမျိုးတွင် နိုင်ငံရေးအရ ဆွေးနွေးကာ အနုနည်းဖြင့် ချော့ပြီး ငြိမ်းချမ်းရေးရရှိရန် လုပ်ဆောင်ချင်စိတ်များ ပေါ်ပေါက်လာတတ်ပေသည်။

"ဆွေးနွေးနေတယ်ဆိုတဲ့ဟာက ဘာပဲဖြစ်ဖြစ် ရလဒ်မထွက်တာတောင်မှ စစ်မတိုက်ဘူးဆိုတာကို ထိန်းထားနိုင်တယ်ဆိုတာက တကယ်အရေးကြီးတာဖြစ်တယ်။ စစ်တိုက်လို့ရှိရင် နိုင်ဖို့တော့ မရှိဘူး။ ဘယ်သူ့ကိုမှ မနိုင်ဘူး" ဟု ဗိုလ်မှူးကြီးခွန်ဥက္ကာက ပြောပါသည်။ ယခုကာလအတွင်း အာဏာသိမ်းစစ်အုပ်စုနှင့် တွေ့ဆုံဆွေးနွေးနေခြင်းအပေါ် "အလုပ်မဖြစ်ဘူး၊ တိုက်ပွဲပြန်ဖြစ်ရင် အခု သေကြေပျက်စီးနေတာထက် ဆယ်ဆလောက်ဆိုးသွားမယ်"ဟု သူက ရှုမြင်ပါသည်။ [57]

အမျိုးသမီးအဖွဲ့ချုပ်(မြန်မာနိုင်ငံ)မှ အထွေထွေအတွင်းရေးမှူး နော်ဆဲဆဲကတော့ အာဏာသိမ်းစစ်ခေါင်းဆောင်နှင့် သွားရောက်တွေ့ဆုံဆွေးနွေးနေကြသည့် ERO ခေါင်းဆောင်များ၊ နိုင်ငံရေးပါတီခေါင်းဆောင်များသည် စစ်အုပ်စု၏ အသုံးချခြင်းကို ခံနေကြရသည်ဟု ရှုမြင်နေပြီး ၎င်းတို့အနေဖြင့် ရွေးချယ်စရာလမ်းမရှိ၍သာ တွေ့ဆုံဆွေးနွေးရေးလမ်းကို ရွေးချယ်နေကြရသည်ဟု တွက်ဆထားပါသည်။

"ဒါပေမယ့် တချို့ကြတော့ သူတို့အဖွဲ့အစည်း အကျိုးအမြတ်အတွက်ကို အခြေခံစဉ်းစားပြီးတော့ လုပ်တာလည်း ဖြစ်နိုင်တယ်။ ကျမတို့ မြင်တာကတော့ ငြိမ်းချမ်းရေး ရနိုင်

[57] Interviews (3) ဗိုလ်မှူးကြီးခွန်ဥက္ကာနှင့် စာတမ်းအတွက် အမေးအဖြေ၊ BNI-MPM

တဲ့ အလားအလာမရှိဘူး။ မရှိတဲ့အပြင် သူတို့ကို အသုံးချတဲ့ အခင်းအကျင်းမျိုး ဖြစ်နေတယ်ဆိုတာကို သုံးသပ်မိတယ်။ ဒါပေမဲ့ သူတို့အဖွဲ့အစည်းရဲ့ ရပ်တည်ချက်နဲ့ သဘောထား ဖြစ်တဲ့အတွက် အထွေအထူးတော့ ပြောစရာမရှိပါဘူး" [58] ဟု နော်ဆဲဆဲက ဆိုပါသည်။

ကရင်အမျိုးသားအစည်းအရုံး(KNU)သည် စစ်အာဏာသိမ်းမှုကို ၁၉၆၂ ခုနှစ်၊ ၁၉၈၈ ခုနှစ် ဖြစ်ရပ်များကတည်းက လက်မခံကန့်ကွက်ခဲ့သည့် ERO ဖြစ်ပါသည်။ ယခု ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုကိုလည်း KNU က ဆန့်ကျင်ကန့် ကွက်နေဆဲဖြစ်ပြီး စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သော အကြမ်းမဖက်ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှု(CDM) တွင် ပါဝင်လာသော နိုင်ငံ့ဝန်ထမ်းများအား လက်ခံကူညီပေးခြင်း၊ စစ်အာဏာသိမ်းမှု ဆန့်ကျင့်သော နွေဦးတော်လှန်ရေးအင်အားစုများအား ထောက်ခံအားပေးကာ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

"စစ်အာဏာသိမ်းခင်ကလည်း မလုပ်ပါနဲ့လို့ ကျနော်တို့ပြောဖြစ်အောင် ပြောသေးတယ်။ ဘာကိုမှ ဂရုမစိုက်တဲ့ အခါကြတော့ နောက်ဆုံးကြတော့ ငြိမ်းချမ်းရေးဖြစ်စဥ်လည်း အကုန်လုံးပျက်။ အခုကြတော့ ကူပါကယ်ပါနဲ့ ငြိမ်းချမ်းရေး ပြန်ဆွေးနွေးပါရစေနဲ့ ဘာရတော့မလဲ။ သူ အာဏာတက်သိမ်းကတည်းက သူကိုယ်တိုင်က တရားမဝင် ဖြစ်သွားပြီ။ ကိုယ်တိုင် တရားမဝင်ဖြစ်နေတဲ့ကောင်နဲ့တော့ သွားပြီး စကားပြောစရာအကြောင်း လုံးဝမရှိဘူး"ဟု အာဏာသိမ်းစစ်ခေါင်းဆောင်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်အပေါ် KNU ပြောခွင့်ရသူ ပဒိုစောတောနီးက မှတ်ချက် ပေးသည်။ လာမည့်အနာဂတ်နိုင်ငံရေးဆွေးနွေးပွဲများတွင်လည်း စစ်အုပ်စုအနေဖြင့် လုံးဝပါဝင်စရာအကြောင်းမရှိ ဟု သူက ဆိုပါသည်။

NCA လုပ်ငန်းစဥ်အရ တွေ့ဆုံဆွေးနွေးပွဲဟုလည်း မမည်၊ တရားဝင်အစိုးရဟုလည်း မခေါ်တွင်နိုင်သော အာဏာသိမ်းစစ်အုပ်စုနှင့် ငြိမ်းချမ်းရေးအမည်တပ် တွေ့ဆုံဆွေးနွေးမှုတွင် ပါဝင်ခြင်း၊ မပါဝင်ခြင်းတို့၏ အကြောင်းအရင်းများကို ယခုစာတမ်းအတွက် နောက်ဆုံးမေးခွန်းအဖြစ် မေးမြန်းဖြစ်ခဲ့ပါသည်။

ဒေါက်တာပညာမွန်ကတော့ အာဏာသိမ်းစစ်ခေါင်းဆောင်များနှင့် သွားရောက်တွေ့ဆုံသော ERO များတွင် စစ်မဖြစ်လိုသော သဘောရိုးဖြင့် သွားရောက်တွေ့ဆုံမှုများရှိသကဲ့သို့ နောက်ထပ်ဖြစ်စဥ်အသစ်တစ်ခုကို ရှိလာနိုင်မလား ဆိုသည့် လေ့လာသည့်သဘောမျိုးဖြင့်ချဥ်းကပ်မှုမျိုးလည်းရှိသည်ဟု ရှုမြင်ပါသည်။ "လက်ရှိ ERO တွေက နိုင်ငံရေးအန္တရာယ်

[58] Interviews (5) အမျိုးသမီးအဖွဲ့ချုပ်(မြန်မာနိုင်ငံ) အထွေထွေအတွင်းရေးမှူး နော်ဆဲဆဲနှင့် စာတမ်းအတွက် အမေးအဖြေ၊ BNI-MPM

ရှိတယ်။ SAC ရဲ့ နိုင်ငံရေးဂွင်ကို မဂင်သွားဖို့ သတိထားရမယ်။ တကယ့်ဆွေးနွေးပွဲကိုပဲ ဦးတည်မယ် ဆိုရင်လည်း တခြားနည်းလမ်းရှာဖို့ လိုတယ်”ဟု သူက သတိပေးထားသည်။

## သုံးသပ်တင်ပြချက်

လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာခဲ့သည့် ပြည်တွင်းစစ်မီးသည် ယနေ့အချိန်အထိ လောင်မြိုက်နေဆဲဖြစ်သည်။ အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်နေဝင်း ဦးဆောင်သည့် မဆလခေတ်တွင်လည်းကောင်း၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်သည့် နဝတ ၊ နအဖခေတ်တွင်လည်းကောင်း တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (ERO) များနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများရှိခဲ့ပြီး နှစ်ဖက်အပစ်အခတ်ရပ်စဲရေးအထိသာ အမြင့်ဆုံး သဘောတူညီမှုအချို့ ရရှိခဲ့ပါသည်။ သို့သော် နှစ်ဖက်အကြား “စစ်” ထပ်မဖြစ်စေရေးအတွက် အာမခံချက်မရှိခဲ့သဖြင့် ပြည်တွင်းစစ်သည် အမြစ်တွယ်ကာ ယနေ့အထိ သက်ဆိုးရှည်ခဲ့ရသည်။

စစ်အုပ်စု၏ စပွန်ဆာဒီမိုကရေစီကို ဖော်ဆောင်အသက်သွင်းခဲ့သူ စစ်ဗိုလ်ချုပ်ဟောင်း ဦးသိန်းစိန်အစိုးရလက်ထက် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုသည်ပင် မူလက နှစ်ဖက်အပစ်အခတ်ရပ်စဲရေးအထိသာ မျှော်မှန်းခဲ့သည်ကို တွေ့ရသည်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ဆိုသည်ကလည်း ERO အင်အားစုများဘက်မှ တင်သွင်းလာခြင်းဖြစ်သည့်အတွက် စစ်အုပ်စု၏ မူလစဉ်းစားချက် မဟုတ်ခဲ့ပေ။

သို့သော် ဦးသိန်းစိန်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်ဖိတ်ခေါ်ချိန်မှ NCA စာချုပ်ရရှိသည်အထိ ရက်ပေါင်း ၁၄၅၁ ရက် ကြာမြင့်ခဲ့ပြီး အစည်းအဝေးစုစုပေါင်း ၅၀၀၀ ခန့်ပြုလုပ်ခဲ့ရသည်ဟု ဆိုပါသည်။ [59] မည်သို့ဆိုစေ NCA လက်မှတ်ရေးထိုးရာတွင် စစ်အုပ်စု၏ ကန့်သတ်ချက်ကြောင်း NCA တွင် ဆွေးနွေးဖက်အားလုံး ပါဝင်လက်မှတ်ရေးထိုးနိုင်ခြင်းမရှိခဲ့ပေ။ ထို့အချက်ကြောင့်ပင် ပြည်တွင်းစစ်သည် ဆက်လက်တောက်လောင်ခဲ့ရပြီး ၂၀၁၉ ခုနှစ် တစ်နှစ်ပတ်လုံးသည် ရခိုင်ဒေသအတွင်း စစ်အရှိန်အမြင့်ဆုံးကာလဖြစ်ခဲ့ရပါသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် ၊ စစ်အာဏာသိမ်းမှုကြောင့် ပြည်တွင်းစစ်အပြန့်ကျယ်မှုသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တောင်တန်းမြေပြန့်၊ ကျေးလက်မြို့ပြဒေသသို့ ရောက်ရှိသွားခဲ့သည်။

---

[59] ဒီမိုကရေစီနိုင်ငံတော်သစ်နှင့် သမ္မတဦးသိန်းစိန် ၊ ဦးစိုးသိန်း ၊ စာမျက်နှာ - ၄၃

၂၀၁၃ ခုနှစ်ကတည်းက လေ့လာစောင့်ကြည့်ခဲ့သော BNI – Myanmar Peace Monitor ၏ မှတ်တမ်းအရ ၂၀၂၁ ခုနှစ် စစ်အာဏာမသိမ်းခင်အချိန်အထိ တိုက်ပွဲဖြစ်ပွားသည့်ရက်နှင့် တွေ့ဆုံဆွေးနွေးသည့်ရက်အကြား ဆက်စပ်မှုအခြေအနေကို ချဉ်းကပ်လေ့လာကြည့်ရာတွင် တွေ့ဆုံဆွေးနွေးမှုတစ်ရက်ဖြစ်တိုင်း တိုက်ပွဲဖြစ်ပွားမှု နှစ်ရက် တိုးလာသည်ကို တွေ့ရပါသည်။ ဆိုရသော် ရွေးကောက်ခံအစိုးရဦးဆောင်သော ငြိမ်းချမ်းရေးအရ တွေ့ဆုံဆွေးနွေးမှုတစ်ရက်တိုင်းတွင် စစ်အုပ်စုနှင့် ERO များအကြား တိုက်ပွဲဖြစ်ပွားမှု နှစ်ရက် ပိုမိုဖြစ်ပွားသည်ဟု အဓိပ္ပါယ်ရပါသည်။ စစ်အုပ်စုသည် ၎င်းတို့ကိုယ်တိုင် စိတ်တိုင်းကျ ရေးဆွဲထားသည့် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကိုင်စွဲကာ အစိုးရအဖွဲ့အတွင်းရှိ အရေးပါသည့် ဝန်ကြီးဌာန (၃) ခုနှင့် လွှတ်တော် (၃) ရပ်အတွင်း အမတ်နေရာ (၂၅) ရာခိုင်နှုန်း ရယူထားသည့်တိုင် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်လည်း တိုက်ပွဲများနှင့် တွေ့ဆုံဆွေးနွေးမှုများအကြား ၎င်းတို့စိတ်တိုင်းကျ ချဉ်းကပ်အသုံးချခဲ့သည်ကို တွေ့ရပါသည်။

ဆိုရသော် စစ်အုပ်စုသည် ငြိမ်းချမ်းရေးဆိုသည့် စကားလုံးကို ရေပက်မဝင်အောင် ပြောဆိုသုံးနှုန်းနေသည့်တိုင် ပြည်တွင်းစစ်ချုပ်ငြိမ်းချမ်းရေးအတွက် မည်သည့်အချိန်ကမျှ အလေးအနက်ထားစဉ်းစားခဲ့သည်ကို မတွေ့ရပေ။ ထို့ ပြင် ငြိမ်းချမ်းရေးသဘောတူညီချက်များတဆင့် အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဦးတည်နေသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအစီအစဉ်များကိုလည်း စိုးရိမ်လွန်ကဲခဲ့သည် ဟု ဆိုရပေလိမ့်မည်။ NCA နှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အပြန်အလှန် ရစ်ပတ်ချည်နှောင်ကာ တိုင်းပြည်၏ နိုင်ငံရေးဦးဆောင်မှုတွင် ထာဝရရပ်တည်နိုင်ရေးအတွက် ကြံဆနေခြင်း ဖြစ်နိုင်ပေသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့ကစပြီး စစ်အာဏာသိမ်းရန် အဓမ္မကြိုးပမ်းနေခဲ့သည့်တိုင် ယင်း NCA နှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို စစ်အုပ်စုသည် ဖက်တွယ်ထားဆဲဖြစ်ပြီး ၂၀၂၃ ခုနှစ်အတွင်း ရွေးကောက်ပွဲကျင်းပကာ ၎င်းတို့၏ ပိုနေမြဲကျားနေမြဲ အခြေအနေဖြစ်သော စပွန်ဆာဒီမိုကရေစီကို ပြန်လည်အသက်သွင်းရန် ပြင်ဆင်နေခြင်းဖြစ်သည်။ ထို့အတွက် ငြိမ်းချမ်းရေးဆိုသည့် စကားလုံးကိုပင် ပြန်လည်အသုံးချကာ ERO များနှင့် နွေဦးတော်လှန်ရေးအင်အားစုများအကြား စုစည်းညီညွတ်မှုကို အရံအတားအဖြစ် အသုံးချခဲ့သည်ဟု ဆိုနိုင်ပါသည်။

ထို့ကြောင့် စစ်အာဏာရှင်စနစ် အဓွန့်ရှည်ရေးအတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကို အသုံးချနေသလားဟု မေးခွန်းအတွက်မူ အသုံးချနေသည်ဟု သုံးသပ်ရနိုင်ပြီး လက်ရှိအချိန်လည်း အသုံးချနေဆဲဖြစ်ကြောင်း ကောက်ယူရပေလိမ့်မည်။

၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်၊ အာဏာသိမ်းစစ်ခေါင်းဆောင်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုသည် စစ်အာဏာသိမ်းမှုကြောင့် ဖြစ်တည်လာသော နွေဦးတော်လှန်ရေးအင်အားစုများ၊ မြို့ပြဒေသအလိုက် ခုခံတော်လှန်စစ်ဆင်နွှဲနေကြသော PDF-LDF (people defense force - local defense force ) များကို ချန်ရစ်ခဲ့သည့်အတွက် ERO တစ်ဖွဲ့ချင်းစီ၏ ရပ်တည်မှုနှင့် ဦးတည်ရာအလိုက် ဘက်နှစ်ဖက် ခွဲပေးလိုက်ခြင်းဖြစ်သည်။ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းချက်ကို လက်ခံသည့် ERO နှင့် လက်မခံသည့် ERO ကို ကွဲပြားသွားစေသကဲ့သို့ ERO တစ်ဖွဲ့ချင်းစီအတွင်း စုစည်းမှုကိုလည်း ယိုင်နဲ့ ပျက်ပြားသွားစေခဲ့သည်ဟု ဆိုရပါမည်။ ထို့အပြင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရာနှင့်ချီ ဖြစ်တည်ပေါက်ဖွားလာသော PDF-LDF များ၏ ခုခံတော်လှန်စစ်ကို ရင်ဆိုင်ကြုံတွေ့နေရချိန်တွင် ERO များကပါ တပြိုင်နက်စစ်မျက်အဖွင့်ခံရမည့်အရေးမှလည်း ရှောင်ကွင်းနိုင်ခဲ့သည်ဟု ဆိုရပါမည်။

နွေဦးတော်လှန်ရေးသည် စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်မှန်သမျှ ချုပ်ငြိမ်းရေးကို ဦးတည်နေသည်။ တန်းတူညီမျှခြင်းကို အာမခံသော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးသို့ လျှောက်လှမ်းနေသည်။ ထို့ကြောင့် အနာဂတ်နိုင်ငံတည်ဆောက်ရေးတွင် စစ်အုပ်စု၏ အခန်းကဏ္ဍကို ဖယ်ထုတ်ထားသည်ဟု ဆိုရပေမည်။ နိုင်ငံတစ်နိုင်ငံ၏ မရှိမဖြစ်လိုအပ်သော စစ်တပ်သည် အစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုအောက်တွင်သာ ရှိရပေမည်။ ပြည်သူလူထုအား အကြမ်းဖက်လုပ်ရပ်မျိုးစုံဖြင့် ဖိနှိပ်ဖြိုခွင်းကာ အုပ်ချုပ်ရန် ကြိုးပမ်းနေသော အာဏာသိမ်းစစ်အုပ်စုသည် အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရေးတွင် ပါဝင်နိုင်ရန် အခွင့်အရေးမရှိတော့ဟု ဆိုရပါမည်။

ထိုဦးတည်ရာများသည် အာဏာသိမ်းစစ်အုပ်စုနှင့် သွားရောက်တွေ့ဆုံဆွေးနွေးနေသော ERO တစ်ဖွဲ့ချင်းစီအတွက် အလေးထားချင့်ချိန်ဖွယ်ရာ ဖြစ်ပေသည်။ တရားဝင်အစိုးရမဟုတ်သော အာဏာသိမ်းစစ်ခေါင်းဆောင်၏ ကတိကဝတ်များသည် မည်မျှ အာမခံချက် ရှိနိုင်မလဲဆိုသည်က တွေးဆစရာ ဖြစ်နေပါသည်။ စစ်အုပ်စုသည် နွေဦးတော်လှန်ရေးအင်အားစုများတွင် မပါဝင်နိုင်သေးသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့(ERO)များကို အသုံးချကာ ၎င်းတို့၏ အာဏာအဓွန့်ရှည်စေရေး လုပ်ငန်းစဉ်များကို ပြန်လည်ချမှတ် လုပ်ဆောင်နေသည်ကို သတိပြုမိပါသည်။

စစ်အုပ်စု၏ စပွန်ဆာဒီမိုကရေစီသည် ဆယ်စုနှစ်တစ်ခုအတွင်း စစ်အာဏာသိမ်းမှုဖြင့် အဆုံးသတ်ရသကဲ့သို့ စစ်အုပ်စုဗဟိုပြုသော (ဝါ) စစ်အုပ်စု၏ စပွန်ဆာငြိမ်းချမ်းရေး ဆွေးနွေးပွဲများသည်လည်း တန်းတူညီမျှရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးကို ရောက်ရှိနိုင်မည်မဟုတ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

## အကိုးအကားများ

- Interviews (1) တိုင်းရင်းသားအရေး လေ့လာသုံးသပ်သူ ဒေါက်တာပညာမွန်နှင့် စာတမ်းအတွက် အမေးအဖြေ ၊ BNI – MPM

- Interviews (2) ကရင်နီပြည်အတိုင်ပင်ခံကောင်စီ (KSCC) အဖွဲ့ဝင် မဖူးပဒုမ္မာနှင့် စာတမ်းအတွက် အမေးအဖြေ ၊ BNI – MPM

- Interviews (3) ၊ ဗိုလ်မှူးကြီးခွန်ဥက္ကာနှင့် စာတမ်းအတွက် အမေးအဖြေ၊ BNI-MPM
- Interview (4) ကရင်နီအမျိုးသားတိုးတက်ရေးပါတီ အတွင်းရေးမှူး (၁) ခူဒယ်နီယယ်နှင့် စာတမ်းအတွက် အမေးအဖြေ၊ BNI-MPM

- Interviews (5) ၊ အမျိုးသမီးအဖွဲ့ချုပ်(မြန်မာနိုင်ငံ) အတွင်းရေးမှူး နော်ဆဲဆဲနှင့် စာတမ်းအတွက် အမေးအဖြေ ၊ BNI-MPM

- Interviews (6) ကရင်အမျိုးသားအစည်းအရုံး ပြောခွင့်ရသူ ပဒိုစောတောနီးနှင့် စာတမ်းအတွက် အမေးအဖြေ ၊ BNI - MPM

- Interviews (7) ကချင်လွတ်လပ်ရေးတပ်မတော် ပြောခွင့်ရသူ ဗိုလ်မှူးကြီးနော်ဘူနှင့် စာတမ်းအတွက် အမေးအဖြေ၊ BNI - MPM

- Interviews (8)လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ တွဲဖက်အတွင်းရေးမှူး ဒေါ်နှင်းနှင်းမွှေးနှင့် စာတမ်းအတွက် အမေးအဖြေ ၊ BNI – MPM

- Interviews (9) ၊ ABSDF ဗဟိုကော်မတီဝင် ရဲဘော်မိဆူးပွင့်နှင့် စာတမ်းအတွက် အမေးအဖြေ၊ BNI-MPM

- Interviews (10) နိုင်ငံရေးလေ့လာသုံးသပ်သူ ဆရာဦးသန်းစိုးနိုင်နှင့် စာတမ်းအတွက် အမေးအဖြေ ၊ BNI – MPM
- Interview (11) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် ကိုနေဘုန်းလတ်နှင့် စာတမ်းအတွက် အမေးအဖြေ ၊ BNI – MPM
- JMC-U အရပ်သားကိုယ်စားလှယ် ဦးကိုကိုကြီးနှင့် တွေ့ဆုံခြင်း၊ BNI-MPM၊ https://bit.ly/3VXnuWK
- JMC-U ဒုတိယဥက္ကဋ္ဌ (၁) ဗိုလ်ချုပ် စောအိုင်းဇက်ဖိုးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ BNI-MPM၊ https://bit.ly/3VC3YiS
- ၂၁ ရာစု ပင်လုံလားရာ ၊ https://mmpeacemonitor.org/314596/ ၂၁-ရာစု-ပင်လုံလားရာ
- BNI-MPM Dataset, Monthly Dashboard on Peace and Conflict, https://bit.ly/3VTJNwK
- ငြိမ်းချမ်းရေးတံဆိပ်ကပ် သပ်လျှိုသွေးခွဲရေးဗျူဟာ အလုပ်ဖြစ်နိုင်သလား၊ အပတ်စဉ်သတင်းသုံးသပ်ချက်၊ အမှတ်စဉ်-၅၃ ၊ မေလ၊ ၂၀၂၂၊ BNI – MPM၊ https://bit.ly/3UD5mk4
- စစ်အာဏာသိမ်းမှု အောင်မြင်ရေးအတွက် ငြိမ်းချမ်းရေးကို လိမ်ညာအသုံးချနေသလား၊ အပတ်စဉ်သတင်းသုံးသပ်ချက်၊ အမှတ်-၆၉၊ BNI-MPM
- တပ်မတော်၏ ငြိမ်းချမ်းရေးမူ ၆ ချက်က တိုင်းရင်းသားလက်နက်ကိုင်များအတွက် အကြီးမားဆုံးအခက်အခဲဖြစ်နေ၊ BNI-MPM၊ https://bit.ly/3Fk5EGX
- နိုင်ငံတော် အတိုင်ပင်ခံ ၊ အနာဂတ်ပြည်ထောင်စုအိပ်မက်နှင့် ငြိမ်းချမ်းရေးဇာတ်မျော၊ BNI-MPM https://bit.ly/3uMOE7c

- ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရည်ညွှန်းအကိုးအကားစာအုပ်များ (၂၀၁၃ ၊ ၂၀၁၄ ၊၂၀၁၅ ၊ ၂၀၁၆ ၊ ၂၀၁၇-၂၀၁၈၊ ၂၀၁၉ -၂၀၂၀၊ ၂၀၂၁-၂၀၂၂) ၊ BNI-MPM ၊ https://mmpeacemonitor.org/category/publications/

- မွန်ပြည်သစ်ပါတီ ဥက္ကဋ္ဌ နိုင်ဟံသာနှင့် တွေ့ဆုံမေးမြန်းခြင်း၊ BNI-MPM၊ https://bit.ly/3HbLdi0

- ငြိမ်းချမ်းရေးစစ်တမ်း ၊ ဦးအောင်ထူး(လူ့အခွင့်အရေးရှေ့နေ)၊ စာမျက်နှာ - ၁၆၅

- အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ ၊ Gene Sharp၊ စာမျက်နှာ - ၁၅

- ရွေးကောက်ပွဲနှင့် နိုင်ငံရေး၊ မောင်စူးစမ်း၊ စာမျက်နှာ ၁၈။

- ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး စိုင်းလိတ်နှင့် အမေးအဖြေ၊ CNI ၊ https://bit.ly/3g6w0DU

- ဒီမိုကရေစီနိုင်ငံတော်သစ်နှင့် သမ္မတဦးသိန်းစိန် ၊ ဦးစိုးသိန်း ၊ စာမျက်နှာ - ၄၃

- ငြိမ်းချမ်းရေးလမ်း၊ အောင်နိုင်ဦး၊ စာမျက်နှာ ၁၂၉

- ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်၊ ၂၁ ဒီဇင်ဘာ ၂၀၁၈၊ တပ်ချုပ်ရုံး

- ဖြစ်သင့်ဖြစ်ထိုက်တဲ့ ဖက်ဒရယ်စနစ်ပဲ ပေးမယ်လို့ အာဏာသိမ်းစစ်ခေါင်းဆောင်ပြော၊ ၂၈ စက်တင်ဘာ ၂၀၂၂၊ RFA https://bit.ly/3Wbjt1t

- EAO တွေ လက်နက်ကိုင်ချင်ရင် BGF အဖြစ် ပူးပေါင်းနိုင်တယ်လို့ စစ်ခေါင်းဆောင်ပြော၊ ၈ စက်တင်ဘာ ၂၀၂၂၊ RFA https://bit.ly/3v4Cg2S



“စစ်အုပ်စု၏ စပွန်ဆာဒီမိုကရေစီသည် ဆယ်စုနှစ်တစ်ခုအတွင်း စစ်အာဏာသိမ်းမှုဖြင့် အဆုံးသတ်ရသကဲ့သို့ စစ်အုပ်စုဗဟိုပြုသော (ဝါ) စစ်အုပ်စု၏ စပွန်ဆာငြိမ်းချမ်းရေး ဆွေးနွေးပွဲများသည်လည်း တန်းတူညီမျှရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးကို ရောက်ရှိနိုင်မည် မဟုတ်ကြောင်း”